# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် တာဝန်ရှိ

## MSME ဆောင်ရွက်နေသူများအနေဖြင့် ကိုယ်တိုင် ကြိုတင်အားထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး ခိုင်မာသည့် လုပ်ငန်းများရှိချိန်တွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖





မြန်မာ့အလင်း

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေး တိုးတက်အောင် ကြိုးပမ်းသည့်အနေဖြင့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးလျက်ရှိသည်။ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများဟု ဆိုရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်သည့် ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်အတွက် အားပေးနေခြင်းဖြစ်သည်။

သေး၊ ငယ်၊ လတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသအလိုက်အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ "နောက်တစ်ခုက MSME နဲ့ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့ လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့မရဘူး။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့သွားရမယ်။ အဓိကကျတဲ့ ပြည်နယ်၊ တိုင်း၊ မြို့ကြီးတွေအားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိကထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေလုပ်ရမယ်။ ဒေသအလိုက် ဒေသအလိုက်မှာ ခရိုင်ပေါင်း ၁၂၀ ကျော်ရှိတယ်။ ပစ္စည်းအမျိုးပေါင်း ၁၂၀ ကျော်လောက်က ကောင်းနေရမယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးတွင် ဒေသထွက်ကုန်များကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ပြီး ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ များစွာရှိသည်။ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်မည့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများ၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ၊ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ လောင်စာနှင့် စွမ်းအင်များစသည့် လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း စုစည်းညီညွတ်စွာ ပူးပေါင်းလုပ်ကိုင်မှု၊ ဒေသထွက်ကုန်အပေါ်တွင် ဆန်းသစ်တီထွင် ဖန်တီးထုတ်လုပ်လိုမှုနှင့် ဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ပိုင်းဆိုင်ရာတို့ကိုလည်း မြင့်မားစွာမြှင့်တင်ထားရှိကြရန် လိုအပ်မည်ဖြစ်သည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခု ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်မှုတွင် ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများသည် ဒေသ၏ ဝိသေသလက္ခဏာများ ပါဝင်နေပြီး အရည်အသွေးကောင်းမွန်ကာ ဈေးကွက်၏ လိုအပ်ချက်နှင့် ကိုက်ညီမည်ဆိုပါက ရေရှည်တည်တံ့သည့် ကုန်ထုတ်လုပ်ငန်းများအဖြစ် ရပ်တည်သွားနိုင်မည်ဖြစ်သည်။ မိမိတို့ ထုတ်လုပ်လိုက်သည့် ကုန်စည်များသည် ခေတ်နှင့်အညီ တီထွင်ဆန်းသစ်မှုရှိရန်လိုအပ်သကဲ့သို့ ဈေးကွက်မြှင့်တင်ရေးကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးနေရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ထုတ်ကုန်ကို တစ်မယ်တည်းသာမကဘဲ ပြောင်းလွယ်ပြင်လွယ် ထုတ်လုပ်နိုင်ပြီး ဈေးကွက်ဝင်နိုင်မည့် ထုတ်ကုန်အမယ်အမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်းအားဖြင့် ပိုမိုကျယ်ပြန့်သည့် ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် လုံချည်ရက်လုပ်နေသည့်လုပ်ငန်းမှ လိုက်ကာ၊ စားပွဲခင်း၊ စောင် အစရှိသည့် အခြားထုတ်ကုန်များကိုပါ ထုတ်လုပ်သည့် နည်းလမ်းမျိုးကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ကုန်ထုတ်လုပ်ငန်းများကို ထိုင်း၊ ဂျပန် အစရှိသည့် နိုင်ငံများတွင်လည်း လုပ်ကိုင်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကိုပါ ဆွဲဆောင်နိုင်စွမ်းရှိရာ ပြည်တွင်းစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်ထုတ်လုပ်ငန်းအနေဖြင့်သာမက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုစေနိုင်မည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အသီးသီးတို့တွင် အများအပြားပေါ်ပေါက်ထွန်းကားလာကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေလင်း ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ **မိုး/ဇလ**

## ကျုံပျော်မြို့နယ် တောက်တဲ့ရိုးကျေးရွာသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျုံပျော် အောက်တိုဘာ ၇**

ပြည်သူများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအမှန်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများကို သိရှိစေရန်အတွက် စစ်ကြောင်းကြီး (၅) ကြောင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကွင်းဆင်းဆောင် ရွက်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောက်တဲ့ရိုး ကျေးရွာအုပ်စု ခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။ **(အောက်ပုံ)**

ရှေးဦးစွာ အဆိုပါကျေးရွာရှိ ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရန်အတွက် အိမ်ထောင်စု ၁၂၀ ထံသို့ ဆန် ၁၀ အိတ်၊ ကြက်သွန်နီ ပိဿာ ၃၀ နှင့် ကြက်ဥ အလုံး ၄၈၀ တို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးပြီး ဟင်းသီးဟင်းရွက်သုံးမျိုးအား အခမဲ့ဖြန့်ဝေပေးသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သိန်းစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သည့် စစ်ကြောင်းကြီး (၅)ကြောင်းတို့က ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံရေးအခြေအနေမှန်များ၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မြေပြင်လူဦးရေ စာရင်းကိစ္စ၊ SME အသေးစား၊ အလတ်စားနှင့် စိုက်ဘဏ်ချေးငွေကိစ္စများ၊ ယာဉ်/လမ်း စည်းကမ်းဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကဏ္ဍအလိုက်ဆွေးနွေးကာ ပြည်သူများ၏ မေးမြန်းချက်ကို သက်ဆိုင်ရာ ဌာနများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ **လပြည့်ဦး(ပြန်/ဆက်)**

## စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စေတနာရှင် အလှူရှင်များက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် ၂၂၈ ရှိမြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေက မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော စာကြည့်တိုက် ၆၀၀၀ ကျော် စာရင်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များနှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များလှူဒါန်းသည့် စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် မိမိတို့ ဖောင်ဒေးရှင်းအနေဖြင့် စာကြည့်တိုက်များ တိုးပွားရေး စာအုပ်စာစောင်များ ပေးပို့ရေးတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

အလှူရှင် စာရေးဆရာ တက္ကသိုလ် စိုးယဉ်က စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး အလှူရှင်စာရေးဆရာ မောင်မောင်ညွန့်လှိုင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။ ဆက်လက်၍ စာရေးဆရာ တက္ကသိုလ်စိုးယဉ်က "လူမျိုးမရွေး လိုက်နာ စောင့်ထိန်းသင့်သော လောကပါလတရား" စာအုပ်အုပ်ရေ ၅၀၀ (တန်ဖိုးကျပ်ငါးသိန်း) လှူဒါန်းခြင်းနှင့်စာရေးသူ မောင်မောင်ညွန့်လှိုင် ရေးသားသည့် "ကျွန်မစာတတ်ချင် သည်" စာအုပ် အုပ်ရေ ၄၀၊ "MBA Culture " နှင့် "တိတ်တခိုးအချစ်" စာအုပ် ၃၅ အုပ်၊ ဖားမင်းသားလေးပုံပြင် အုပ်ရေ ၁၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၈၇၅၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေ က လက်ခံရယူကြောင်း သိရသည်။

**သတင်းစဉ်**



❖ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပကိုအားကိုးနေ၍မရဘဲ ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်၊ မိမိတို့တာဝန်ယူနေချိန်တွင် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်နေ

❖ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှု နည်းပါးမည်၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့်လည်း ဆောင်ရွက်၍ရ၊ အချို့သတ္တုကုန်ကြမ်းများအတွက်လည်း နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေး၍ရ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများတွင် ကုန်ကြမ်းသာမက လျှပ်စစ်စွမ်းအင်နှင့် Energy စွမ်းအားများလည်းလို

*❖ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

### နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းအားဖြင့် တည်ဆောက်ခြင်းသည် စိတ်အချရဆုံးဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၂၂) အစည်းအဝေးနှင့် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းရပ်နှစ်ခုလုံးသည် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အဓိကကျသည့် လုပ်ငန်းရပ်များဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မိမိတို့ တာဝန်ယူပြီးနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့စီးပွားတိုးတက်မှုများ တုံ့ဆိုင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အနုတ်လက္ခဏာပြနေသည်ဟု ပြောကြားခဲ့ကြကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းသည်ဟု ဆိုသော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အမြဲမပြတ်ထုတ်လုပ်၍ ပြည်ပသို့ ပို့ကုန်များ တင်ပို့နိုင်ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ များစွာထိခိုက်ကျဆင်းသွားခြင်းမရှိကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်ပကိုတတ်နိုင်သမျှ မှီခိုမှုမပြုရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ယင်းသည် ခေတ်အဆက်ဆက် တွေ့ကြုံသည့် သင်ခန်းစာများအရဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပကို အားကိုးနေ၍မရဘဲ ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူနေချိန်တွင် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်နေကြောင်း၊ MSME လုပ်ငန်းများသည် ပြည်တွင်းရှိ လုပ်ငန်းရှင်များ ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိတ္ထီလာ၊ ရန်ကုန်နှင့် ပြည်မြို့တို့ရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းတွင်သာရှိသည်ဟူသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှု နည်းပါးမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ အချို့သတ္တုကုန်ကြမ်းများအတွက်လည်း နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေး၍ရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများတွင် ကုန်ကြမ်းသာမက လျှပ်စစ်စွမ်းအင်နှင့် Energy စွမ်းအားများလည်း လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း မြေသြဇာနှင့် ပိုးသတ်ဆေးများ လိုအပ်သကဲ့သို့ မွေးမြူရေးနှင့် ပတ်သက်၍လည်း အစာကဲ့သို့ သွင်းအားစုများလိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့် သွင်းအားစုများကိုရရှိအောင် ပြည်တွင်း၌ ဆောင်ရွက်ပေး၍ရကြောင်း၊ လျှပ်စစ်စွမ်းအားလုံလောက်စွာ ရရှိရေးအတွက်လည်း နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရကြောင်း၊ နိုင်ငံတော်ကလည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အား ရရှိရန်သုံးစွဲသည့် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

❒ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း မြေသြဇာနှင့် ပိုးသတ်ဆေးများ လိုအပ်သကဲ့သို့ မွေးမြူရေးနှင့်ပတ်သက်၍လည်း အစာကဲ့သို့ သွင်းအားစုများ လိုအပ်၊ အဆိုပါလိုအပ်သည့် သွင်းအားစုများကိုရရှိအောင် ပြည်တွင်း၌ ဆောင်ရွက်ပေး၍ရ၊ လျှပ်စစ်စွမ်းအားလုံလောက်စွာ ရရှိရေးအတွက်လည်း နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရ၊ နိုင်ငံတော်ကလည်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးမည်၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အား ရရှိရန်သုံးစွဲသည့် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်

### နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်

အရင်းအနှီးနှင့် ပတ်သက်၍လည်း MSME ဆောင်ရွက်နေသူများအနေဖြင့် ကိုယ်တိုင်ကြိုတင်အားထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး ခိုင်မာသည့် လုပ်ငန်းများရှိချိန်တွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေတွင် ဖွံ့ဖြိုးရေးချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုးရှိကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင် နိုင်ငံတော်မှ ချေးယူခဲ့သည့် ရင်းနှီးမြှုပ်နှံငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးထားသော်လည်း အချိန်တစ်ခုတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်လိုအပ်မှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း၊ အခြေခံပညာ ပြီးမြောက်မှုမရှိသေးသည့်လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း အလယ်တန်းပညာ၊ အထက်တန်းပညာအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ အခြေခံပညာအထက်တန်းပြီးဆုံးသူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်နေကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် စက်မှုသိပ္ပံ တက်ရောက်သူများမှ ထူးချွန်သူများအနေဖြင့်လည်း သက်ဆိုင်ရာ ပညာရပ်များအလိုက် တက္ကသိုလ်နှင့် ကောလိပ်များသို့ တက်ရောက်၍ ရကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ် လုံလောက်စွာရရှိရေးအတွက် ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်ကြမ်းလိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး ထွက်ကုန်ကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းများ လုံလောက်စွာရှိပြီး ဖြစ်ကြောင်း၊ အဆိုပါ ကုန်ကြမ်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ဝါးစိုက်ပျိုးမှုများဆောင်ရွက်၍ ဝါးကိုအခြေခံသည့် စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ဝါးကုန်ကြမ်းများ ရရှိရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အခြား စိုက်ပျိုးရေးထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်ကုန်ကြမ်းများဖြင့် ဆောင်ရွက်၍ ရကြောင်း၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် တွက်ဆ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသထွက်ပစ္စည်းများကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် မိမိအနေဖြင့် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအားလုံး တစ်ပြေးညီဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေး၍ တည့်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပလျက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဆန်ကိုအဓိကစိုက်ပျိုး၍ ပဲနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသည့် နိုင်ငံဖြစ်ကြောင်း၊ ဆန်သည် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်ကောင်းစွာထုတ်လုပ်နိုင်သောနိုင်ငံဖြစ်သဖြင့် Food Security အတွက် နိုင်ငံ၏ ဂုဏ်သိက္ခာတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ ဆန်များပေါ်များစွာ တင်ပို့နိုင်မည်ဆိုပါက လူအများ၏စားရေး Food Security ကို တာဝန်ယူနိုင်သည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးကြပြီး စိုက်ပျိုးဧက ၁၇ သန်းကျော်ခန့်ရှိကြောင်း၊ နိုင်ငံအတွင်း လူဦးရေ ၅၅ သန်းခန့်ရှိကြောင်း၊ စပါးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမို၍ ဆန်များပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင်ဆန်တင်ပို့မှုများကိုလည်း တားဆီးကာကွယ်ဆောင်ရွက်ရန် လိုကြောင်း။

### ရထားလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နေ

ဆန်ကို ပြည်ပသို့တရားဝင်တင်ပို့ရန် ခွင့်ပြုပေးထားပြီး ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင် စသည့် ပင်လယ်ဆိပ်ကမ်းများမှ တင်ပို့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စဉ်းစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ရထားပို့ဆောင်ရေးနှင့် မြစ်ကြောင်း ပို့ဆောင်ရေးများဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားလမ်းများ ကောင်းမွန်စေရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊

*စာမျက်နှာ ၄ သို့*

❒ **မိမိတို့နိုင်ငံတွင် မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးကြပြီး စိုက်ပျိုးဧက ၁၇ သန်းကျော်ခန့်ရှိ၊ နိုင်ငံအတွင်း လူဦးရေ ၅၅ သန်းခန့်ရှိ၊ စပါးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမို၍ ဆန်များ ပြည်ပသို့ တင်ပို့နိုင်မည်၊ ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင် ဆန်တင်ပို့မှုများကိုလည်း တားဆီးကာကွယ်ဆောင်ရွက်ရန်လို၊ ဆန်ကို ပြည်ပသို့တရားဝင်တင်ပို့ရန် ခွင့်ပြုပေးထားပြီး ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင် စသည့် ပင်လယ်ဆိပ်ကမ်းများမှ တင်ပို့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စဉ်းစားဆောင်ရွက်ကြရမည်**

*စာမျက်နှာ ၃ မှ*

အလားတူ လမ်းများအားလုံး ချောမွေ့ကောင်းမွန်နေစေရေး အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိကြောင်း၊ မိမိတို့နိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သူ ၄ သန်းနှင့် ၅ သန်းခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေမှုများရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ယန္တရားများ ပိုမိုအသုံးပြုဆောင်ရွက်ရန်လိုအပ်သဖြင့် ပြည်တွင်း၌ရှိပြီး အခြေခံစက်ရုံများမှ လယ်ယာသုံးယန္တရားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှတင်သွင်းမှုများကိုလည်း လိုအပ်ချက်များအပေါ် မူတည်၍ ခွင့်ပြုပေးထားကြောင်း ပြောကြားသည်။

### One Region One Product

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)

❖ **စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိ၊ မိမိတို့နိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သူ ၄ သန်းနှင့် ၅ သန်း ခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေမှုများရှိ၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ယန္တရားများ ပိုမိုအသုံးပြုဆောင်ရွက်ရန် လိုအပ်သဖြင့် ပြည်တွင်း၌ရှိပြီးအခြေခံစက်ရုံများမှ လယ်ယာသုံးယန္တရားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှတင်သွင်းမှုများကိုလည်း လိုအပ်ချက်များအပေါ် မူတည်၍ ခွင့်ပြုပေးထား**

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် အဓိက ထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ပြောကြားရာတွင် **"နောက်တစ်ခုက MSME နဲ့ ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့ မရဘူး၊ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့တိုင်း မြို့ကြီးတွေအားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိက ထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေ လုပ်ရမယ်။ ဒေသအလိုက် ဒေသအလိုက်မှာ၊ ခရိုင်ပေါင်း ၁၂၀ ကျော် ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်က ကောင်းနေရမယ်။ ဥပမာ-ပခုက္ကူဆို ချည်ထည်ပစ္စည်းတွေ ကောင်းရမယ်။ ဥပမာပြောပြတာ ချည်ထည်ပစ္စည်းမှာ ပခုက္ကူဆို နံပတ်တစ် အကောင်းဆုံးဖြစ်နေရမယ်။ တစ်နေ့ကဆိုလည်း ကျွန်တော်တို့ဒီမှာ အပြည်ပြည်ဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားများ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တုန်းက စောင်တွေ၊ ချည်ထည်တွေ ပြပါတယ်။ ပခုက္ကူက တော်တော်ကို ကောင်းတာ သွားတွေ့တယ်။ ဒါကတော့ ကျွန်တော်မြင်ရတဲ့ဟာ၊ မမြင်ရတဲ့ဟာလည်း ရှိရင် ရှိမှာပေါ့။ တစ်နေ့က ပြည်မှာဆိုလို့ရှိရင် အင်းမပုဆိုး၊ တော်တော့်ကို ကောင်းတာ တွေ့တယ်။ တော်တော်ကောင်းတဲ့ပုဆိုးပဲ။ ဒါမျိုးတွေသာ လုပ်လိုက်ရင် သိပ်ကောင်းမှာပဲလို့ အားပေးတယ်။ ဘယ်နေရာကတော့ ပဲနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ကောင်းတယ်။ ဘယ်နေရာကတော့ ဆန်နဲ့ပတ်သက်တဲ့ပစ္စည်းတွေ ကောင်းတယ်။ ဘယ်နေရာကတော့ ဝါးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်၊ ဘယ်နေရာကတော့ သတ္တုနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ ကောင်းတယ်။ One Region One Product ဒီလိုမျိုးတွေနဲ့ နိုင်ငံမှာ ထုတ်ကုန်ပစ္စည်းထုတ်မယ်ဆို ဒါတွေလည်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ အဲ့ဒါတွေနဲ့လည်း တစ်ချိန်ကျရင် Tourist Attraction လည်း ဖြစ်လာမယ်"** ဟု ပြောကြားသည်။

### ဒေသများဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်ပြီး တစ်နိုင်ငံလုံးရှိ ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဒေသများအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများအထက်အောက် ခင်မင်ရင်းနှီးစွာဖြင့် နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လက်အောက်ကိုစေတနာထားပြီး နွေးထွေးသည့် ဆက်ဆံရေးကို တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန် နားလည်မှုများရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ချွေတာသုံးစွဲလျက်ရှိကြောင်း၊ ရရှိသည့် ဘတ်ဂျက်ငွေများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်အောင် သုံးစွဲလျက်ရှိပြီး ဝန်ကြီးဌာနများမှ အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲမှုမရှိသည့် ငွေများကို ပြန်လည်အပ်နှံစေလိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးအနေဖြင့် ဘဏ္ဍာငွေများကို သုံးသင့်သုံးထိုက်သည့် နေရာများတွင်သာ သုံးစွဲကြစေလိုပြီး ငွေများ အကျိုးမဲ့ ကုန်ကျမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရငွေပိုင်း၌ ဘဏ္ဍာရေးနှစ်အလိုက် ရသင့်ရထိုက်သည်များရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများရှိသော ဝန်ကြီးဌာနများအနေဖြင့် တတ်နိုင်သမျှ အရှုံးမရှိစေဘဲ Budget balance ဖြစ်ရန်နှင့် ဖြစ်နိုင်ပါက အမြတ်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် သတင်းပို့ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် အရေးယူဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူ၍ ဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များကိုလည်း အဆင့်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများနှင့်ပတ်သက်၍ မြေကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများ မပျက်စီးစေရန်နှင့် လှပ်မြေများ မရှိရန် လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို သီးထပ်သီးညှပ် စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် တိုင်းပြည်ဝင်ငွေရရှိပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိက မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်လိုပါက စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

စက်မှုဇုန်မြေနေရာများသည် စက်မှုလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း၊ အိမ်ရာစီမံကိန်းများ မပါဝင်ရန်လိုအပ်ကြောင်း၊ ယင်းတို့ ပါဝင်လာပါက စက်မှုဇုန်စီမံအုပ်ချုပ်မှုကိစ္စများ ရှုပ်ထွေးလာနိုင်ကြောင်း၊ စက်မှုဇုန်နှင့် စက်မှုရပ်ကွက်မှာ တူညီမှုမရှိကြောင်း၊ စက်မှုဇုန်တွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ကြရာတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် Check list ဖြင့် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ လက်အောက်ဝန်ထမ်းများကိုလည်း မိသားစုသဖွယ် နွေးထွေးစွာ ဆက်ဆံရန်လိုကြောင်း၊ အချို့အားနည်းချက်များ ရှိနိုင်မည်ဖြစ်သော်လည်း ရိုးရိုးသားသား လုပ်ကိုင်နေသူများကို လက်တွဲခေါ်ဆောင်ရန် လိုအပ်ကြောင်း၊ လက်အောက်မှ အချို့သော အကြံပြုချက်များကိုလည်း ရယူရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင် လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## သထုံ၊ မုဒုံနှင့် ရေးမြို့နယ်တို့တွင် လူငယ်သင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်ထား



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်နယ်အတွင်းရှိ သထုံမြို့နယ် မုဒုံမြို့နယ်နှင့် ရေးမြို့နယ်တို့တွင် လူငယ် သင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်ပြီး အမျိုးသမီးများအတွက် အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းများအပြင် သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီသင်တန်း၊ ပန်းချီသင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်း၊ ဟင်းလျာချက်ပြုတ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ သင်တန်းကျောင်းမှ သင်တန်းသူ ၂၃၉၂ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

မုဒုံမြို့နယ် ကွမ်တာကျေးရွာ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်း၌ ပြုလုပ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ပြည်သူအားလုံး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကဏ္ဍစုံ၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုး တိုးတက်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများကို ဆုများချီးမြှင့်ကြပြီး သင်တန်းသူများ ဖန်တီးပြုလုပ်ထားသည့် ရိုးရာလက်မှုပစ္စည်းများ၊ သက်မွေးပညာပစ္စည်းများကို အားပေးကြည့်ရှုကြသည်။

မုဒုံမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် မေ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး အခြေခံအိမ်တွင်းမှု သင်တန်း တက်ရောက်ပြီးသူ ၁၆၈၂ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်ပြီးသူ ၄၄၆ ဦး၊ ကြိမ်/ဝါးသင်တန်း တက်ရောက်ပြီးသူ ၃၇ ဦး၊ ဟင်းလျာသင်တန်း တက်ရောက်ပြီးသူ ကိုးဦး၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း တက်ရောက်ပြီးသူ ၁၄၄ ဦးနှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်း တက်ရောက်ပြီးသူ ၇၄ ဦး စုစုပေါင်း သင်တန်းသူ ၂၃၉၂ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ဆန်စပါးညီလာခံ -၂၀၂၂ ဒုတိယနေ့အဖြစ် ယနေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဗဟိုဌာန-၂) ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဆန်စပါးကဏ္ဍမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဆန်စပါးညီလာခံ၏ဆွေးနွေးပွဲများတွင် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆန်စပါးစိုက်ပျိုးရေးနှင့် မျိုးစေ့ထုတ်လုပ်မှုနှင့် ပတ်သက်သည့် စာတမ်းများကို လည်းကောင်း၊ ဆန်စပါး ဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းများကိုလည်းကောင်း ဖတ်ကြားခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လက်တွေ့ စပါးစိုက်ပျိုးနေသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရမှ ပံ့ပိုးကူညီပေးစေလိုသည့် အချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆန်စပါးကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍများ၊ အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy) နှင့် ဆန်စပါး ကဏ္ဍဆိုင်ရာ ပို့ကုန်မဟာဗျူဟာတို့နှင့် စပ်လျဉ်းပြီး လက်တွေ့တာဝန်ယူဆောင်ရွက်နေသည့် ဌာနများမှ အကြီးတန်းအရာရှိများက စာတမ်းများ ဖတ်ကြားတင်ပြကြသည်။ အဆိုပါ စာတမ်းများနှင့် ဆက်စပ်ပြီး သုံးသပ်ဆွေးနွေးခြင်းနှင့် စကားဝိုင်း ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ရာ အစိုးရဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး အကြံပြုချက်များ တင်ပြခဲ့ကြသည်။

"နိုင်ငံ့စီးပွား မြှင့်တင်ဖို့၊ ဆန်စပါးဖြင့်ကြိုးပမ်းစို့" ဟူသော ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ ၂ ရက်ကြာ ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ -၂၀၂၂သို့ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံကျင်းပသည့် ၂ ရက်အတွင်း ကဏ္ဍအလိုက် ဆွေးနွေးမှုများမှ ပြည်နယ်/ တိုင်းဒေသကြီးများအလိုက် ဒေသနှင့်ကိုက်ညီပြီး ဈေးကွက် ကြိုက်နှစ်သက်သည့် မျိုးကောင်း မျိုးသန့်များကိုသာ ရွေးချယ် စိုက်ပျိုးသွားရေး၊ တောင်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ ဝယ်ယူရရှိနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဆန်များ တင်ပို့နိုင်ရေးအတွက် ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ ပြောင်းလဲနေသော ပို့ကုန်ဈေးကွက်နှင့် ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ် အကောင်အထည်ဖော်သွားရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်ပသို့ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ခြင်းကို အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့်အချက်များ အပါအဝင် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားရမည့် သုံးသပ်ချက်များကို ဖော်ထုတ်ရရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**အမရပူရ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက အမရပူရမြို့ စစ်ကိုင်းတံတားအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ အမရပူရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူးဦးဖြိုးအောင်ထွန်း၊ အမရပူရခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းနှင့် ရေနံ့သာငါးလုပ်ငန်းတို့မှ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ရှစ်သိန်းခွဲ၊ ငါးခုံးမကြီးသားပေါက် ကောင်ရေသုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၁ သိန်းခွဲအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘားအံမြို့ ခလောက်ထောင်ရေလျှံကွင်းအတွင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ မျိုးစိုက်ထည့်

**ဘားအံ အောက်တိုဘာ ၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် ခလောက်ထောင်ကျေးရွာ ခလောက်ထောင်ရေလျှံကွင်းအတွင်း ပြုလုပ်သော ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးစိုက်ထည့်ပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစုံမိုင်း၊ ပြည်နယ်ငါးမျိုးစိုက်ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်/ ခရိုင်/ စခန်း ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံ ရပ်မိ ရပ်ဖများ တက်ရောက်ခဲ့ကြပြီး ကျုံဒိုးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအောက်ခံအရွယ် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကကျင်းပပြုလုပ်မည့် (၄၅) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောက်တိုဘာ ၆ ရက်တွင် Forever Group ( MRTV – 4 ) မိသားစုများက အလှူငွေ ၇၃ သိန်း ၅ သောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများက လက်ခံရယူစဉ်။ သတင်းစဉ်

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ပွဲတက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ ရခိုင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**စစ်တွေ အောက်တိုဘာ ၇**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

**အောင်မြင်မှုရရှိအောင် ကြိုးစားအားထုတ်**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ဗဟိုအဆင့် ပြိုင်ပွဲဝင်နိုင်ရန်အတွက် ပြည်နယ်အဆင့်ပြိုင်ပွဲတွင် အရည်အချင်း ပြည့်ဝသော ပြိုင်ပွဲဝင်များကို ရွေးချယ်ပေးထားပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ရခိုင်ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ရေးအတွက် အောင်မြင်မှုရရှိအောင် အားလုံးကြိုးစား အားထုတ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ပွဲဝင်များသည် ရခိုင်ပြည်နယ်အတွက် ကိုယ်စားပြုပြီး မြို့နယ်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြသူများဖြစ်သဖြင့် ညီအစ်ကိုမောင်နှမသဖွယ် စည်းစည်းရုံးရုံး နေထိုင်ကြကာ အခက်အခဲရှိပါကလည်း တစ်ဦးနှင့်တစ်ဦး ဖေးမကူညီရိုင်းပင်း နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ နေပြည်တော်သို့ရောက်ရှိသည့်အခါ ကျန်းမာရေးဂရုစိုက်ကြရန်၊ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ ပြိုင်ပွဲကာလ တစ်လျှောက်တွင်လည်း ကျန်းမာရေးကို အထူးဂရုပြု ဆောင်ရွက်ကြစေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွက် ပြိုင်ပွဲဝင်များကို အနီးကပ် သင်ကြားပြသပေးခဲ့သည့် နည်းပြဆရာ၊ ဆရာမများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မှ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် အဆင့်(၅) ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ရခိုင်ပြည်နယ်အတွက် ရွှေတံဆိပ်များ များစွာ ဆွတ်ခူးနိုင်ကြပြီး ရခိုင်သားဆိုလျှင် အစွမ်းဖော်ပါဆိုသည့်အတိုင်း ရခိုင်ပြည်နယ်၏ ဂုဏ်ကို ဆောင်နိုင်သော သားကောင်းသမီးရတနာ ပြိုင်ပွဲဝင်များ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးထံ အောင်နိုင်ရေးအလံ ပေးအပ်ပြီး ပြည်နယ် လူမှုရေးရာဝန်ကြီးက အောင်နိုင်ရေး ကတိပြုစကား ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က မယိမ်းတက်ယိမ်းအက၊ ပြိုင်ပွဲဝင်များက မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ် ဇာတိဂုဏ် သီချင်းများ၊ တစ်ဦးချင်း အကတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ သီဆိုကပြဖျော်ဖြေကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်များအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကြကာ ပြိုင်ပွဲဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် ၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့စာပေးစာယူသင်တန်း ပထမနှစ် အပတ်စဉ် - ၂၂ နှင့် ဒုတိယနှစ် အပတ်စဉ် -၂၁ သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ စာပေးစာယူသင်တန်း ပထမနှစ် အပတ်စဉ် - ၂၂ နှင့် ဒုတိယနှစ် အပတ်စဉ်- ၂၁ သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက်နေ့ နံနက်ပိုင်းက စစ်ကိုင်း ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမ များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပညာရေးဘွဲ့ စာပေးစာယူသင်တန်း ပထမနှစ် အပတ်စဉ် - ၂၂ သင်တန်းသား သင်တန်းသူများထံ ငွေကျပ်- ၂၅ သိန်းနှင့် ဒုတိယနှစ် အပတ်စဉ်- ၂၁ သင်တန်းသား သင်တန်းသူများထံငွေကျပ်- ၂၅ သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။(**အပေါ်ပုံ**)



ယင်းနောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

အဆိုပါ ပညာရေးဘွဲ့ စာပေးစာယူသင်တန်း ပထမနှစ် အပတ်စဉ် - ၂၂ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၇၇ ဦး၊ ဒုတိယနှစ်အပတ်စဉ်- ၂၁ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၅၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀၃၆ ဦး တက်ရောက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေး တက္ကသိုလ် ဆိုင်းဘုတ်မှန်ဦး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်နှင့် ဒုတိယ ပါမောက္ခချုပ်များက ဆိုင်းဘုတ်မှန်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာတွင် သေဆုံးဒဏ်ရာရသည့် ဇာတ်အဖွဲ့သားများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို ) မှ ထောက်ပံ့ကူညီမည်

**ရန်ကုန် အောက်တိုဘာ ၇**

မွန်ပြည်နယ်မှ ပွင့်နေခြည်ဇာတ်အဖွဲ့သူအဖွဲ့သားများ စီးနင်းလိုက်ပါသည့် မော်တော်ယဉ်သည် အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီ ခန့်တွင် မြဝတီ – ကော့ကရိတ်သွား အာရှလမ်းမကြီးရှိ ကွမ်းခြံကုန်းကွေ့၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါအမျိုးသားငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြဝတီခရိုင်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး ညီနောင်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြပြီး သေဆုံးနှင့်ဒဏ်ရာရရှိကြသူများအား မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်း ( မြဝတီ ) လူနာတင်ယာဉ်များဖြင့်မြဝတီခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးသည် ။

မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို ) မှ အတွင်းရေးမှူး ဦးနေဝင်းက "ယာဉ်တိမ်းမှောက်မှုကြောင့် အနုပညာရှင်စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး ၂၃ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရလူနာများကို အောက်တိုဘာ ၆ ရက်မှာ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ပြောင်းရွှေ့ပြီး ဆေးကုသမှုခံယူလျက်ရှိပါတယ်။ သေဆုံးသူများကို ဒီနေ့ ( အောက်တိုဘာ ၇ ရက် ) နေ့မှာ ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို ) မှ သေဆုံးထိခိုက်ဒဏ်ရာရသူများကို ငွေကြေးထောက်ပံ့ကူညီပေးသွားပါ့မယ်။ အလှူရှင်များရဲ့ လှူဒါန်းငွေများကိုလည်း ပေးပို့သွားပါ့မယ်" ဟု ပြောကြားသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ်က အခင်းဖြစ်ပွားရာနေရာသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့မှ သဘင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သွားရောက်ကူညီခဲ့ကြောင်း သိရသည် ။

**မျိုးမင်းသူရ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် မဲစာရင်းများ မှန်ကန်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အခြေခံလူဦးရေစာရင်းများ စိစစ်ဆောင်ရွက်ကြရာတွင် မြို့နယ်အသီးသီး၌ ပြောင်းရွှေ့ဝင်ရောက်လာသူများ၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၊ သေဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ရရှိပြီး ဥပဒေနှင့်အညီ နေထိုင်သူများကိုစိစစ်၍ မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် အခြေခံရမည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ လစဉ်တိုက်ဆိုင်စစ်ဆေးကြရန် လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ မဲစာရင်းများမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်သည့် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ပြီး စိစစ်ပြီးသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ သက်ဆိုင်ရာမြို့နယ်ကော်မရှင် အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က လစဉ် Update ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများမှာ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် ပါဝင်ရန် ပုံစံ (၆၆/၆) ရှိကြရမည်ဖြစ်ပြီး ပုံစံ (၆၆/၆) ရှိသည့် မိမိနေထိုင်ရာဒေသ မဲစာရင်းတွင်ပါဝင်မည်ဖြစ်ကြောင်း၊ ပုံစံ (၆၆/၆) မရှိပါက မဲစာရင်းတွင် ပါဝင်မည်မဟုတ်သကဲ့သို့ မဲပေးခွင့်ရရှိမည် မဟုတ်ကြောင်း၊ ထို့အပြင် ဆန္ဒမဲပေးခွင့်ရရန် နိုင်ငံသားစိစစ်ရေးကတ်ရှိရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနများက မဲဆန္ဒရှင်ပြည်သူများ ပုံစံ (၆၆/၆) ရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးတို့ကို ဥပဒေနှင့်အညီစိစစ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲများမှ ရွေးကောက်ပွဲအရာရှိများက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စက်တင်ဘာလအထိ တင်ပြရာ -

၁။ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ**

(က) သေဆုံး၊ ပြောင်းထွက်၊ ၂ ကြိမ်ထပ်၊ ၃ ကြိမ်ထပ်တို့မှ လျော့သည့်ဦးရေ ၃၄၃၂ ဦး၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ဖြည့်သွင်းမှု ၂၂၅ ဦး၊

(ဂ) အခြားမြို့နယ်မှပုံစံ (၆၆/၆) အသစ်ပြောင်းဝင်ဦးရေ ၃၀၁ ဦး၊

(ဃ) မြို့နယ်အတွင်း ပုံစံ ( ၆၆/၆ ) အသစ်ထပ်တိုး ဦးရေ ၃၆၉ ဦး၊

(င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးဦးရေ ၃၉၄၁ ဦး၊

၂။ **အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စိစစ်ချက်အရ**

(က) မြေပြင်တွင် ထပ်တိုး

( ၁ ) ပုံစံ ( ၆၆/၆ ) ရှိသူ – ၂၃၀၆၉ ဦး၊

( ၂ ) ပုံစံ ( ၆၆/၆ ) အခြားတွင်ရှိသူ ၁၉၀၆ ဦး၊

( ၃ ) ပုံစံ ( ၆၆/၆ ) မရှိသူ ၇၉၄ ဦး

စုစုပေါင်း ၂၅၇၆၉ ဦး၊

(ခ) မြေပြင်တွင်လျော့သည့် ဦးရေ

( ၁ ) ပုံစံ ( ၆၆/၆ ) ရှိသူထဲမှ ၃၉၀၃ ဦး၊

( ၂ ) ပုံစံ ( ၆၆/၆ ) အခြားတွင်ရှိသူ ၈၃၂ ဦး၊

( ၃ ) ပုံစံ ( ၆၆/၆ ) မရှိသူ ၈၃၈ ဦး

စုစုပေါင်း ၅၅၇၃ ဦး ရှိကြောင်း၊

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၆၅၃ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးက လူဦးရေစာရင်းများ စိစစ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေတာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က ရှေ့ပြေးစီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ စုစုပေါင်းလူဦးရေစာရင်း ၁၅၀၀၂၇၆ ဦးတွင် စိစစ်လိုက်သောအခါ မြေပြင်တွင်နေထိုင်သည့်လူဦးရေ ၉၉၅၃၂၉ ဦး ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုံစံ ( ၆၆/၆ ) ဖြင့် မှတ်ပုံတင်ရှိပြီး ဥပဒေနှင့်အညီ နေထိုင်သူ ၈၉၇၃၅၂ ဦး ဖြစ်ကြောင်း စက်တင်ဘာလကုန် စိစစ်ချက်အရ မြေပြင်တွင်နေထိုင်သည့် လူဦးရေ ၁၀၁၆၇၁၀ ဦးတွင် ဥပဒေနှင့်အညီ နေထိုင်သူ ၉၁၇၀၄၃ ဦး ဖြစ်သဖြင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ အိမ်ထောင်စုဇယား ပုံစံ ( ၆၆/၆ ) များပြောင်းရွှေ့လာသောကြောင့် လူဦးရေစာရင်း တိုးခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဝန်ထမ်းများအများစု နေထိုင်ကြပါကြောင်း၊ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိရန် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယား ပုံစံ ( ၆၆/၆ ) ရှိရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စုဇယားပုံစံ ( ၆၆/၆ ) များပြောင်းရွှေ့ရန် ညွှန်ကြားချက်အရ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ပုံစံ ( ၆၆/၆ ) များ ပြောင်းရွှေ့ဝင်ရောက်လျက်ရှိကြောင်း၊ ထိုသို့ပြောင်းရွှေ့ရာတွင် အခက်အခဲမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် မှာကြားထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်မှုလုပ်ငန်း အောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

*ကျောဖုံးမှ*

ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကျင်းပလေ့ရှိပါတယ်။ နှစ်စဉ် နှစ်တိုင်း အိုးစည်ဗုံမောင်းနဲ့ စည်စည်ကားကား ဆီမီးတစ်ထောင် မီးမျှောပူဇော်လေ့ရှိကြပြီး လာသမျှဘုရားဖူးပြည်သူတွေကို အလှူရှင်များက အာဟာရဒါနမုန့်ဖြင့် ကျွေးမွေးလျက်ရှိပါတယ်။ ယခုနှစ်မှာ ဆီမီးခွက် ၁၅၀၀ ကို ဘုရားရေပြင်ပတ်လည်နဲ့ လှေများပေါ်မှ မီးမျှောပူဇော်သွားမှာ ဖြစ်ပါတယ်”ဟု ဘုရားဂေါပကအဖွဲ့ဝင် ဦးသောင်းညွှန့်က ပြောသည်။

အဆိုပါ ဆီးမီး မီးမျှောပူဇော်ပွဲကျင်းပရာတွင် အင်းတော်ကြီးဒေသရှိ အင်းပတ်လည်တွင်ရှိသော လုံးတုံကျေးရွာ၊ နန့်မီးလောင်ကျေးရွာ၊ လွဲမွန်ကျေးရွာ၊ နန့်ပတဲကျေးရွာ၊ မမုန်ကိုင်ကျေးရွာနှင့် မိုင်းနောင်ကျေးရွာတို့မှ ရွာသူရွာသားများနှင့် ဘုရားသို့လာရောက်ဖူးမြော်ကြည်ညိုကြမည့် ဘုရားဖူးပြည်သူများက သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးများလာရောက် မီးမျှောပူဇော်ကြခြင်းအပြင် ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများဖြင့် ပူဇော်ကြခြင်း၊ ဘုရားဝတ်ရွတ်အသင်းများမှ ဝတ်ရွတ်ပူဇော်ကြခြင်းများကို နှစ်စဉ်ပြုလုပ်လျက်ရှိကြပြီး အလှူရှင်များကလည်း ဘုရားဖူးပြည်သူများကို အာဟာရဒါနမုန့်များဖြင့် ဧည့်ခံကျွေးမွေး သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် အလျား ၁၆ မိုင် ရှည်လျားပြီး အနံ ၈ မိုင် ကျယ်ဝန်းကာ မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အလှဆုံး အိုင်ကြီးဖြစ်၍ ကမ္ဘာပေါ်တွင် ရှားပါးသည့် သားငှက်မျိုးစုံနှင့် ငါးမျိုးစိတ်များ ကျင်လည်ကျက်စားလျက်ရှိသော ဒေသတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် အကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

---

*ကျောဖုံးမှ*

ရခိုင်ပြည်နယ်နှင့် အခြားသောပြည်နယ်များကို မဟာတံတိုင်းကြီးတစ်ခုပမာ ပိုင်းခြားထားသည်။ ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးတောင်မှာ ပေ ၆၅၂၇ ရှိသော စွန်တောင်ဖြစ်ပြီး အမ်းမြို့နယ်တွင် တောတောင်ပေါများ၍ မြင့်မားမတ်စောက်သောကြောင့်အမ်းမြို့နယ်သည် အခြားသော မြို့များထက် တောတောင်သဘာဝအလှများဖြင့် ထင်ရှားကျော်ကြားနေခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ငပလီကမ်းခြေသဘာဝအလှ၊ စစ်တွေကမ်းခြေနှင့် ပင်လယ်ပြင်အလှတို့ကို ကြည့်ရှုခံစား၍ အပန်းဖြေကြသည့်နည်းတူ ရခိုင်ရိုးမ အမ်းတောင်တန်း ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ ကား၊ ဆိုင်ကယ်ဖြင့် ရက်တို/ရက်ရှည် အပန်းဖြေခရီးစဉ်အဖြစ် ရင်သက်ရှုမောဖွယ် တောတောင် သဘာဝအလှ၊ ရိုးမအလှနှင့် အမ်းမြို့အလှတို့ကို နိုဝင်ဘာလပွင့်လင်းရာသီတွင် ကြည့်ရှုခံစားနိုင်ရန် ခရီးသွားလုပ်ငန်းများက ဖိတ်ခေါ်လျက်ရှိပြီး ရခိုင်ပြည်နယ်၏ ထင်ရှားဂုဏ်ဆောင် အမ်းရိုးမတောင်တန်းမှ သဘာဝတောတောင်အလှများကလည်း ပြည်တွင်း/ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

---

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလားပြိုင်ပွဲများအဖြစ် အားကစားနည်း ခုနစ်နည်း ကျင်းပပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲများကို နှစ်စဉ်အားကစားပြက္ခဒိန်ရေးဆွဲပြီး ကျင်းပပေးလျက်ရှိကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘောလုံး(ကျား)၊ ဘော်လီဘော(ကျား၊မ)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဖူဆယ်(ကျား)၊ လွန်ဆွဲ(ကျား၊မ)၊ ထုပ်ဆီးတိုး(မ)၊ အပြေး(ကျား၊မ) ပြိုင်ပွဲများအဖြစ် အားကစားနည်း ခုနစ်နည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ပြောကြားသည်။

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရုံ၌ ကျင်းပရာတွင် ဒုတိယဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။



ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ချစ်ကြည်စည်းလုံးစွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ် ကျင်းပပေးရခြင်းဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲကျင်းပပေးရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်စေရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းအကြံပေး ပူးပေါင်းဆောင်ရွက်ပေးကြရန် ဒုတိယဝန်ကြီး ဦးမျိုးလှိုင် က ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြိုင်ပွဲနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ပြိုင်ပွဲ စည်းမျဉ်း/ စည်းကမ်းများ၊ အသက်ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းအနေအထားများ၊ သင်ကြားပြသပေးရန်အတွက် နည်းပြဆရာ လိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း/ရုံအသုံးပြုခွင့်များ၊ အသက်ကန့်သတ်ချက်များ၊ စည်းမျဉ်း/စည်းကမ်းများနှင့် ပတ်သက်ပြီး အသီးသီးဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်အတည်ပြု ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ကျင်းပခဲ့သည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၄)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၀၁) တို့၏ သင်တန်းဆင်းအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၄)နှင့် စာရေးဝန်ထမ်းအခြေခံ သင်တန်းအမှတ်စဉ်(၁၀၁) တို့၏ သင်တန်းဆင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်း အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အုပ်ချုပ်မှု စွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ် (၄) သင်တန်းသား စံပြဆုများကို သင်တန်းသား ဦးမြတ်သူအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သင်တန်းသူ အမှတ်-၁၀၈ ဒေါ်နန့်ငြိမ်းမြတ်သူ၊ ဦးစီးအရာရှိ၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကိုလည်းကောင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၀၁)၏ သင်တန်းသားစံပြဆုများကို သင်တန်းသား ဦးအောင်မြတ်ဟိန်း၊ အကြီးတန်းစာရေး၊ ပြည်သူ့ လွှတ်တော်ရုံးနှင့် သင်တန်းသူ ဒေါ်ဆုလပြည့်မွန်၊ အကြီးတန်းစာရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနကို လည်းကောင်း သင်တန်းသား၊ သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ဆက်လက်ပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းများသည် အစိုးရကို တာဝန်ခံပြီး ပြည်သူကို ဗဟိုပြုလျက် ပြည်သူ့အကျိုးစီးပွားကို ဦးတည် ဆောင်ရွက်ကြရသူများဖြစ်တာကြောင့် မိမိတို့၏ လုပ်ရည်၊ ကိုင်ရည်နှင့် စွမ်းရည်တို့ကို မြှင့်တင်ပြီး ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ၏ယုံကြည်ကိုးစားမှု ခံရသူများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း။





နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်အနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ တည်း ဟူသော စွမ်းရည် သုံးရပ်အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဂတိတရားကင်းစင်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်စေရန်နှင့် ပြည်သူအတွက် အပြည့်အဝဆောင်ရွက်ပေးမည့် အရင်းခံ စိတ်ဓာတ်ထားရှိနိုင်သူများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

သင်တန်းမှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းတွေကို ဌာနအကျိုး၊ နိုင်ငံအကျိုးအတွက် အကောင်းဆုံး အသုံးချကြရန်၊ အဂတိတရားကင်းစင်၍ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်သော ပြည်သူ့ဝန်ထမ်းများ ဖြစ်အောင် ကြိုးစားကြရန်။ မိမိတို့၏ လုပ်ငန်းတာဝန်များကို ရိုးသား ကြိုးစားစွာ ထမ်းဆောင်ကြပြီး မိမိအလုပ်ကိုလည်း ချစ်မြတ်နိုးတန်ဖိုးထားကြရန်၊ ပြည်သူ့အကျိုးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု အပြည့်အဝရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားသည်။

အဆိုပါ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၄)သို့ သင်တန်းသား ၂၄၀ တက်ရောက်ခဲ့ပြီး စာရေးဝန်ထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၁၀၁) သို့ သင်တန်းသား၊ သင်တန်းသူ ၅၅၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်တွင်း ဖွင့်လှစ်ဆဲ သင်တန်းများ၏ လေ့ကျင့်သင်ကြားမှုအခြေအနေများနှင့် တက္ကသိုလ်တွင် စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ပဲခူး အောက်တိုဘာ ၇**

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပေးပို့သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သဝဏ်လွှာကို တိုင်းဒေသကြီး သံယံဇာတရေးရာ ဝန်ကြီး ဦးတင်သိန်းက ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူ ငါးဦးအား တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ တိုင်းဒေသကြီးအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူ ၁၀ ဦးအား တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ်**

**(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများမရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါနိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂ )ရက်နေ့အထိ ကတ်အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သောအိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂)ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ (ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် **(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျ မှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိ အသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာဖြည့်စွက်ထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာပြန်လည်ပြင်ဆင် မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင် မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ မရှိစေရေး မိုဘိုင်းပေး ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အားအသုံးချ၍ မသမာသည့် နည်းလမ်းဖြင့် တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန်လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင်ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်း စသည့်မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2) အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2) သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# အမှားသံသရာနဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC)

ဓမ္မဘက်တော်သားတစ်ဦး

ကုလသမဂ္ဂနဲ့ သူ့လက်အောက်ခံအဖွဲ့အစည်းတချို့ရဲ့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဝေဖန်သုံးသပ်ပြောဆိုမှုတွေဟာ အတောမသတ်နိုင်ပဲ ရှိပါသေးတယ်။ အခုလည်း ကုလသမဂ္ဂအဖွဲ့ခွဲတစ်ခုဖြစ်တဲ့ ဂျီနီဗာအခြေစိုက် UNHRC လို့ခေါ်တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဟာ သူ့ရဲ့ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံကို ပစ်မှတ်ထားစွပ်စွဲပြောဆိုခဲ့ပြန်ပါပြီ။

ယုတ္တိမတန်တဲ့ ပြောဆိုမှုမှန်သမျှအတွက် မြန်မာနိုင်ငံဘက်ကလည်းရှုတ်ချပြီး ပြတ်သားစွာ ကန့်ကွက်ပယ်ချခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဘာကြောင့်ရှုတ်ချရပါသလဲ၊ ဘာကြောင့် ကန့်ကွက်ခဲ့ပါသလဲ။ မြန်မာနိုင်ငံအပေါ် ဘယ်သောအခါကမှ အကောင်းမပြောခဲ့တဲ့သူတွေ၊ အပြုသဘောမဆောင်ခဲ့တဲ့ အဖွဲ့အစည်းတွေရဲ့ မစိစစ်ဘဲ မမှန်ကန်တဲ့ အချက်အလက်တွေအပေါ်သာ အခြေခံပြီး ကြိုတင်ဆွေးနွေးပွဲတွေနဲ့ ဖန်တီးပုံဖော်ပြီးမှ ထွက်ပေါ်လာတဲ့ ရလဒ်တွေဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။

## လက်ခံလို့မရတဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) ဆိုတာ

ကုလလူ့အခွင့်အရေးကောင်စီဟာ ၂၀၁၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံအတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM) ဆိုပြီး ဖွဲ့စည်းခဲ့တာရှိပါတယ်။ မြန်မာနိုင်ငံအတွက် စွပ်စွဲပြောဆိုနိုင်မယ့် အထောက်အထားတွေစုစည်းပြီး ရရှိလာတဲ့အချက်အလက်တွေအပေါ်မှာ စိစစ်သုံးသပ်ရတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့နဲ့ ၁၂-၉-၂၀၂၂ ရက်နေ့ကတစ်ကြိမ် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အမှန်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကိုယ်တိုင်က တရားရေးအဖွဲ့အစည်းတစ်ခုမဟုတ်တဲ့အတွက် သက်တမ်းအကန့်အသတ်မရှိတဲ့ ဒီလိုယန္တရားမျိုးကို ဖွဲ့စည်းခွင့်လည်းမရှိ၊ ထူထောင်ခွင့်လည်းမရှိပါဘူး။ ဒါပေမယ့် ဒီအဖွဲ့အတွက် ရန်ပုံငွေကိုတော့ အမေရိကန်အစိုးရကပေးအပ်ထားတာတွေ့ရပါတယ်။

IIMM က သူ့အတွက်ပေးတဲ့ ရန်ပုံငွေကိုတော့ လက်ခံပေမယ့် အဖွဲ့မှာ ဘယ်လိုဝန်ထမ်းတွေကို ရွေးချယ်ခန့်ထားသလဲ၊ ဘယ်လိုစိစစ်ကြပ်မတ်မလဲ၊ အဖွဲ့က စုဆောင်းထားတယ်ဆိုတဲ့ သုံးသန်းမျှသော အချက်အလက်တွေကို မှန်၊ မမှန် စိစစ်ခွင့်လည်းမရှိတဲ့အတွက် ဒီလိုအဖွဲ့မျိုးကို တရားမျှတတဲ့အဖွဲ့တစ်ခုအဖြစ် ဘယ်လိုစံနှုန်းတွေနဲ့ ဘယ်လိုသတ်မှတ်လို့ရနိုင်ပါ့မလဲ၊ မြန်မာနိုင်ငံအနေနဲ့ကတော့ ကိုယ်တိုင်လက်ခံအသိအမှတ်ပြုထားခြင်းမရှိတဲ့ အဖွဲ့တစ်ခုရဲ့ အချက်အလက်ပေါ်မှာအခြေခံပြီး ပြောဆိုဆွေးနွေးမှုမှန်သမျှဟာ ဘယ်လိုမှလက်ခံလို့မရဘူးဆိုတာ သိရှိထားသင့်ပါတယ်။

## ပံ့ပိုးထားတဲ့ငွေကြေးကြောင့် အပ်ကြောင်းထပ်နေတဲ့ အမှားအယွင်းများ

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) ဟာ မြန်မာနိုင်ငံကို အဘယ်သို့သောအချက်အလက်တွေ၊ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ မည်သို့သော တွေ့ဆုံဆွေးနွေးချက်တွေကို အခြေခံပြီး တစ်ဖက်သတ် ဝေဖန်ပြစ်တင်ခဲ့ပါသလဲ၊ ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၊ UN လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ ခေတ္တမဟာမင်းကြီးတို့နဲ့ ကနဦးအပြန်အလှန် တွေ့ဆုံဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ "တစ်ခါလာ မဲပြာပုဆိုး" ဆိုသလို ထပ်တလဲလဲ စွပ်စွဲပြောဆိုချက်တွေ၊ တွေ့ရှိချက်တွေ၊ အသစ်အဆန်းမပါတဲ့ ကြိုတင်ပုံဖော်ထားတဲ့အကွက်တွေနဲ့ နိုင်ငံတကာပြစ်မှုတွေကို အကြိမ်ကြိမ်အခါခါကျူးလွန်ကြောင်း စွပ်စွဲချက်တွေသာ တွေ့ရပါလိမ့်မယ်။

သေချာပါတယ်။ မြန်မာနိုင်ငံက ဘယ်လိုမှလက်ခံလို့မရတဲ့ "ရိုဟင်ဂျာ" ဆိုတဲ့ အသုံးအနှုန်းနဲ့ ဘယ်တုန်းကမှ အသိအမှတ်မပြုထားတဲ့ လူမျိုးကိုပဲ ရှေ့တန်းတင်ပြီး ဝင်ရောက်စွက်ဖက်ရာကျတဲ့ အပြုအမူတွေ၊ အပြောအဆိုတွေပဲ ဖြစ်နေပါတယ်။ နောက်ပြီး နယ်မြေရှင်းလင်းစစ်ဆင်ရေးဆိုတဲ့ အသုံးအနှုန်းတွေ၊ အထောက်အထားမရှိ ဘယ်ကရလို့ရမှန်းမသိ မမှန်ကန်တဲ့ လူသတ်မှုတို့၊ ညှဉ်းပန်းနှိပ်စက်မှုတို့၊ အရပ်သားတွေနဲ့ကလေးတွေကို ပစ်မှတ်ထား ဖိနှိပ်ပစ်ခတ်သတ်ဖြတ်တယ်ဆိုတဲ့အချက်တွေ၊ သေဒဏ်ပေးတယ်ဆိုတဲ့ ပြစ်တင်မှုတွေ... ထိုအရေးကိစ္စတွေသာမပါရင် သူတို့စကားမပြောတတ်သလို ဘာမှလည်းလုပ်တတ်မှာမဟုတ်ပါဘူး။

အနောက်နိုင်ငံတွေနဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ငွေကြေးတွေနဲ့ပံ့ပိုးထားတဲ့ မီဒီယာတွေ၊ NGO တွေရဲ့ အချက်အလက်တွေကို မရည်ညွှန်းဘဲ အခြေအနေမှန်ကိုသာတင်ပြမိရင် ရနေတဲ့ထောက်ပံ့ရန်ပုံငွေ ဖြတ်တောက်ခံရနိုင်ပြီး စားပေါက်ပိတ်သွားနိုင်တဲ့အတွက် ဒီလိုပဲမျက်စိပိတ်၊ နားပိတ် မှားယွင်းမှုတွေဖြစ်နေရခြင်းလား သံသယဝင်မိပါတယ်။

## သံသယဖြစ်စရာ ခွဲခြားစိတ်ဖြာနိုင်စွမ်းမရှိတဲ့ ဝင်ရောက်စွက်ဖက်သူတွေ

ဒီအတောအတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး လက်ယက်ကုန်းကျေးရွာဖြစ်စဉ်တစ်ခုဟာ IIMM အတွက် မြန်မာနိုင်ငံအပေါ် နောက်ထပ်စွပ်စွဲချက်အသစ်တစ်ခုတိုးဖို့ မျှော်လင့်ချက်တစ်ခု ဖြစ်သွားပြန်ပါတယ်။ အဖြစ်အပျက်အပေါ် သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောရေးဆိုခွင့်ရှိသူရဲ့ အထောက်အထားနဲ့ ရှင်းလင်းပြောဆိုမှုအပေါ် သဘောပေါက်ပုံမရပါဘူး။

IIMM ရဲ့ ခွဲခြားစိတ်ဖြာနိုင်စွမ်းရည်ဟာ သံသယဖြစ်စရာပါ။ အချက်အလက်ကို စုဆောင်းရာမှာ လူတစ်ဦး၊ လူတစ်စု၊ တစ်ဖွဲ့ကို မေးမြန်းစုံစမ်းရုံနဲ့လည်း မလုံလောက်ပါဘူး။ မေးမြန်းခံရသူတွေကိုယ်တိုင် ဘက်လိုက်သူတွေ၊ အယုံလွယ်သူတွေ၊ ခံစားချက်ပြင်းထန်သူတွေဖြစ်နိုင်သလို ခြိမ်းခြောက်ခံရသူတွေ၊ အလွှမ်းမိုးခံနေရသူတွေဖြစ်နိုင်တယ်ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့တွေဟာ အရပ်သားယောင်ဆောင်၊ အရပ်သားတွေကိုလူတံတိုင်းကာ၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကို အကာအကွယ်ယူ၊ အထင်မှားအောင် အခြားဘာသာရေးအဆောက်အအုံတွေမှာ နေရာယူပြီးမှ တိုက်ခိုက်ကြတယ်ဆိုတာကို ဘာလို့မမြင်ကြပါလိမ့်၊ တွေးစရာတွေ တသီတတန်းနဲ့ပါ။

အထူးအစီရင်ခံစာတင်သွင်းသူရော မဟာမင်းကြီးရုံးနဲ့ ခေတ္တမဟာမင်းကြီးဆိုသူပါ မြန်မာနိုင်ငံဖြစ်စဉ်ဖြစ်ရပ်တွေကို ၎င်းတို့ကိုယ်တိုင်အတိအကျ သိရှိပုံမရကြပါဘူး။ မြန်မာနိုင်ငံရဲ့ ဆန့်ကျင်ဘက်ကရတဲ့ မခိုင်လုံတဲ့အရင်းအမြစ်တွေကိုသာ အစွဲနဲ့ အားကိုးအလွယ်သုံးပြီး ချဲ့ကားပြောဆိုလေ့ရှိကြပါတယ်။ တစ်ဖက်ကသတင်းတု၊ သတင်းမှားတွေအပေါ်အခြေခံပြီး မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေအပေါ် စွပ်စွဲပြစ်တင်ပြောဆိုပြုမူနေပေမယ့် အခြားတစ်ဖက်ကတော့ အကြမ်းဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ NUG၊ PDF တွေကို အသိအမှတ်ပြုဖို့ကြိုးစားနေပြီး သူတို့ကျူးလွန်တဲ့ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုတွေကိုတော့ ဖုံးကွယ်ထားကြပြန်ပါတယ်။ သူတို့လိုချင်တဲ့ ဇာတ်လမ်းကိုတော့ယူ၊ မလိုချင်တဲ့ ဇာတ်လမ်းကျတော့ ပစ်ပယ်ထားတဲ့သဘောပါပဲ။

## တာဝန်မဲ့ မသိချင် မမြင်ချင်ယောင်ဆောင်နေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ

NUG နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေရဲ့ လက်ချက်နဲ့ သေဆုံးခဲ့ကြရတဲ့ ကလေးသူငယ် ၈၈ ဦး၊ အပြစ်မဲ့ပြည်သူ ၃၈၀၀ နဲ့တကွ ထောင်နဲ့ချီဒဏ်ရာရသူတွေ၊ ပျောက်ဆုံးနေသူတွေအတွက် အချက်အလက်တွေကို UNHRC အနေနဲ့ ဘယ်လိုသုံးသပ်မလဲ သိချင်ပါတယ်။ ဗီဒီယိုအွန်လိုင်းမှာ ပျံ့နှံ့နေတဲ့ ရက်ရက်စက်စက် မျက်နှာစည်း၊ ဓားနဲ့ခုတ် ထိုး အသတ်ဖြတ်ခံရတဲ့ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မင်းရွာက ကျောင်းဆရာမတစ်ဦးအပါအဝင် ဆရာမနှစ်ဦးရဲ့ ဖြစ်စဉ်ကိုရော ကုလသမဂ္ဂလူ့အခွင့်အရေးသမားကြီးတွေအနေနဲ့ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ စိစစ်စုံစမ်းမှုပြုခဲ့ဖူးပါသလား မေးလိုပါတယ်။

အကြမ်းဖက်တွေဟာ အပြစ်မဲ့ပြည်သူတွေ၊ တာဝန်ထမ်းဆောင်သူ ဝန်ထမ်းတွေနဲ့ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ဝန်ထမ်းတွေရဲ့ မိဘညီအစ်ကိုမောင်နှမတွေကို ဒလန်လို့ ခေါင်းစဉ်တပ်ပြီး ရက်ရက်စက်စက် ဖမ်းဆီးနှိပ်စက် အစဖျောက်သတ်ဖြတ်နေကြတဲ့ ဖြစ်စဉ်တွေကို ဘယ်လိုသဘောထားမလဲ သိလိုလှပါတယ်။

နေအိမ်နဲ့ စာသင်ကျောင်းအမြောက်အမြား မီးရှို့ဖျက်ဆီးခံရတာတွေဟာ စာရင်းအချက်အလက်အတိအကျရှိသလို မကြာခဏဖော်ပြခဲ့ပြီးဖြစ်လို့ မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်နေသူတွေကို ဒီလိုသတင်းအချက်အလက်တွေကို ဒီနေရာမှာ အထူးတလည် ဖော်ပြနေစရာလည်း မလိုတော့ဘူးထင်ပါတယ်။ အကြမ်းဖက်သမားတွေစတင်တိုက်ခိုက်လို့ ဖြစ်ရတဲ့ဖြစ်စဉ်တွေကြောင့် နေအိမ်စွန့်ခွာထွက်ပြေးရသူတွေ အစာရေစာနဲ့ ဆေးဝါးပြတ်လပ်သူတွေ ဒုနဲ့ဒေးရှိနေပြီဖြစ်ပါတယ်။

အကြမ်းဖက်သမားတွေနဲ့ အချို့တိုင်းရင်းသားလက်နက်ကိုင်တွေက ပိတ်ပင်ထားလို့၊ ကြားဖြတ်အနှောင့်အယှက်ပြုလို့ ကုန်စည်စီးဆင်းမှုနဲ့ စားနပ်ရိက္ခာပြတ်တောက်မှု သတင်းတွေကိုလည်း သိရှိနေရပါတယ်။ ဆက်သွယ်ရေးကွန်ရက် တာဝါတိုင်တွေ ဖုံးခွဲဖျက်ဆီးခံရမှုတွေကြောင့် ဆက်သွယ်ရေးပြတ်တောက်မှုတွေ ဖြစ်ပေါ်ခဲ့ရတဲ့အခြေအနေတွေ များစွာရှိနေပါတယ်။ နိုင်ငံရဲ့အနောက်တံခါးဝမှာ မတည်မငြိမ်ဖြစ်ပြီး အချုပ်အခြာအာဏာပျက်ယွင်းအောင် ကြံဆောင်ကြိုးပမ်းနေကြပါတယ်။ ဒီလို ဒီမိုကရေစီအရေခြုံ အကြမ်းဖက်ဖြစ်စဉ်တွေကို ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားပါတယ်ဆိုတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးသမားကြီးတွေက အလေးအနက်မထား၊ မသိချင်ယောင်၊ မမြင်ချင်ယောင်ဆောင်နေကြခြင်းဟာ အလွန်ကိုဆိုးရွားစွာ တာဝန်မဲ့လွန်းတယ်ဆိုတာ ထောက်ပြချင်ပါတယ်။

## အကြံပေးချက်တွေနဲ့အတူ ထောက်ပြချင်တာတွေရှိ

နိုင်ငံတကာက မြန်မာ့အရေးဆွေးနွေးသူတွေ၊ အစီရင်ခံစာတင်သွင်းသူတွေ၊ အဖွဲ့အစည်းတွေဟာ တိကျခိုင်လုံပြီး မှန်ကန်တဲ့ အချက်အလက်တွေနဲ့ မြန်မာပြည်သူတွေရဲ့ အမြင်ရှုထောင့်တွေ၊ တုံ့ပြန်မှုတွေကို ပိုပြီးအလေးထားသင့်ပါပြီလို့ ထပ်ပြီး အကြံပေးချင်ပါတယ်။ အကဲဆတ်တဲ့ မြန်မာနိုင်ငံအခြေအနေမှာ ပိုပြီးကွဲပြားမှုတွေ မရှိအောင် ကူညီပေးသင့်တယ်လို့ မြင်မိပါတယ်။ နိုင်ငံတကာကို မရိုးမသားနဲ့ တမင်အာရုံစိုက်အောင်လုပ်ပြီး ကုလသမဂ္ဂစင်မြင့်တွေကို နိုင်ငံရေးလက်နက်သဖွယ် အသုံးချနေတဲ့ အပြုအမူတွေကို ဘယ်လိုမှ လက်ခံလို့မရတဲ့အတွက် ရပ်တန်းက ရပ်သင့်ပါပြီ။ မေးခွန်းထုတ်စရာတွေကတော့ အများကြီးပါ၊

သမာသမတ်ကျမှု၊ တရားမျှတမှု၊ ဘက်လိုက်မှု စသည်အားလုံးမှာဖြစ်ပါတယ်။ ဒီနေရာမှာ အတိတ်ကဖြစ်စဉ်တစ်ခုကို ထောက်ပြချင်ပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လက သမ္မတထရန့်လက်ထက် အမေရိကန်အစိုးရဟာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနေ နုတ်ထွက်ကြောင်း ကြေညာခဲ့ဖူးပါတယ်။ ထိုအဖွဲ့အစည်းမှာ လူ့အခွင့်အရေးချိုးဖောက်တဲ့နိုင်ငံတွေ၊

*စာမျက်နှာ ၁၁ သို့*

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC) ဟာ မြန်မာနိုင်ငံကို အဘယ်သို့သော အချက်အလက်တွေ၊ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ မည်သို့သော တွေ့ဆုံဆွေးနွေးချက်တွေကိုအခြေခံပြီး တစ်ဖက်သတ် ဝေဖန်ပြစ်တင်ခဲ့ပါသလဲ၊ ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၊ UN လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ ခေတ္တမဟာမင်းကြီးတို့နဲ့ ကနဦးအပြန်အလှန် တွေ့ဆုံဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ "တစ်ခါလာ မဲပြာပုဆိုး" ဆိုသလို ထပ်တလဲလဲ စွပ်စွဲပြောဆိုချက်တွေ၊ တွေ့ရှိချက်တွေ၊ အသစ်အဆန်းမပါတဲ့ ကြိုတင်ပုံဖော်ထားတဲ့အကွက်တွေနဲ့ နိုင်ငံတကာပြစ်မှုတွေကို အကြိမ်ကြိမ်အခါခါကျူးလွန်ကြောင်း စွပ်စွဲချက်တွေသာ တွေ့ရပါလိမ့်မယ်**

# လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် ကရင်ပြည်နယ်ဝန်ကြီးချုပ်ပြောကြား

**ဘားအံ အောက်တိုဘာ ၇**

ပြည်နယ်အတွင်းရှိ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၂)၌ ကျင်းပသည့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများ၏ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သည့်အတွက် မြေယာစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ စနစ်တကျကိုင်တွယ်ဖြေရှင်းရန်လိုကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ အငြင်းပွားမှုများကိုဆုံးဖြတ်ရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ ရပ်ကွက်/ကျေးရွာလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့များကိုလည်း စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုကြောင်း၊ အောက်ခြေ မြေပြင်ကွင်းဆင်းသည့် အဖွဲ့များအနေဖြင့် တိတိကျကျဆောင်ရွက်ပေးကြရန် ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီများ၏ အတွင်းရေးမှူး ဦးဇော်မိုးအောင်က လယ်ယာမြေစီမံခန့်ခွဲရေးကိစ္စရပ်များနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ကော်မတီဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# တောင်တွင်းကြီးမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စု ၇၅၀ ကို စားကုန်များထောက်ပံ့

**မကွေး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ပေါ် ရပ်ကွက်ကိုးခုရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားကုန်များ ထောက်ပံ့ ပေးအပ်ပွဲကို တောင်တွင်းကြီးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ အောက်တိုဘာ ၄ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက အခြေခံစားသောက်ကုန် ငါးမျိုးနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်သည်။

**အလှူရှင်များနှင့် ပူးပေါင်းလှူဒါန်း**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်တွင်းကြီး မြို့ပေါ်ရပ်ကွက်ကိုးခုရှိ အခြေခံလူတန်းစား အိမ်ထောင်စုများ၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အိမ်ထောင်စု ၅၀၀၊ တောင်တွင်းကြီး မြို့နယ် ကုန်သည်ကြီးများ အသင်းနှင့် ဒေသခံ အလှူရှင်များက အိမ်ထောင်စု ၂၅၀ စုစုပေါင်း အိမ်ထောင်စု ၇၅၀ အား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး အခြေခံလူတန်းစား အိမ်ထောင်စုများကို တစ်အိမ်ထောင်လျှင် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်နီများနှင့် နှာခေါင်းစည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များက အိမ်ထောင်စုအလိုက် လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **မောင်ညီညာ**

# သီတင်းကျွတ်လပြည့်နေ့ ကမ္ဘောဇသာဒီရွှေနန်းတော်၌ ဆီမီးမြင်းမိုရ်ပွဲ ကျင်းပမည်

**ပဲခူး အောက်တိုဘာ ၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၉ ရက်) တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး တည်ထားကာ ထီးနန်းစိုက်ခဲ့သည့် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး၌ ဆီမီးမြင်းမိုရ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ပွဲတော်ကာလ အများပြည်သူအလုပ်ပိတ်ရက်နှင့် ရုံးပိတ်ရက်များတွင် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ လာရောက်လေ့လာအပန်းဖြေအနားယူကြမည့် ပြည်သူများအား M PLUS တေးဂီတအဖွဲ့က အောက်တိုဘာ ၈ ရက် မှ ၉ ရက်တို့တွင်(သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ) နံနက် ၁၁ နာရီမှ ညနေ ၃ နာရီခွဲအထိ တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေမည်ဖြစ် ကြောင်းသိရပြီး AnimaDeenath (AMD) Mehandi Team မှ Henna Paninting and Face Painting များ၊ ကိုရီးယားစတိုင် ခုရိုက်ခုထွက် Photobooth များ ရိုက်ယူနိုင်ရန်စီစဉ်ပေးထားခြင်းအပြင် နန်းတော်သို့ လာရောက်ကြသူများ၏ ဆုတောင်းစကားများ အမှတ်တရစကားများ ရေးနိုင်ရန်လည်း ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေနန်းတော်အတွင်း စီမံထားရှိပြီးဖြစ်သည့် နန်းတော်အတွင်း စက်ဘီးနင်းလှည့်လည်ကြည့်ရှုခြင်း၊ ရိုးရာဝတ်စုံများ ငှားရမ်းဝတ်ဆင်၍ အေးချမ်းပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ယူနိုင်ခြင်းများကိုလည်း လာရောက်လေ့လာအပန်းဖြေကြမည့် ပြည်သူများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# ကလေးအလုပ်သမားပပျောက်ရေး အမ်းမြို့နယ်၌ အသိပညာပေး

**အမ်း အောက်တိုဘာ ၇**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေရုံးတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးစကားဝိုင်းဆွေးနွေး ပြုလုပ်သည်။

ရှေးဦးစွာ အမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးစန်းဝင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ (Talk Show) ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်ချောစန္ဒီမင်းက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**စိုးမင်းထွန်း (ပြန်/ဆက်)**




*စာမျက်နှာ ၁၀ မှ*

လူပုဂ္ဂိုလ်တွေကို နေရာပေးထားလို့ဆိုပြီး၊ အဖွဲ့ရဲ့ သမာသမတ်ကျမှုကို မေးခွန်းထုတ်ပြီး အမေရိကန်ကိုယ်တိုင် နုတ်ထွက်ခဲ့တယ်ဆိုတဲ့အချက်ကို ထောက်ပြလိုခြင်းပဲ ဖြစ်ပါတယ်။

အမှန်တကယ်က ဘာပဲပြောပြော အကြမ်းဖက်ကျူးလွန်နေတာ ဘယ်သူတွေလဲ၊ လူ့အခွင့်အရေးကို ဒိဋ္ဌဓမ္မချိုးဖောက်နေတာ ဘယ်သူတွေ၊ ဘယ်အဖွဲ့တွေလဲဆိုတာ မြန်မာ့ဇာတ်ခုံအပြင်ဘက်က အခုလို ပုဂ္ဂိုလ်တွေကိုယ်တိုင် မြင်ပြီးသိပြီးသားပါ။ ထိုသူတွေကိုယ်တိုင်က မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ၊ တိုင်းရင်းသားတွေရဲ့ စီးပွားရေးနဲ့ လူမှုရေးဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာကို လိုလားကြမယ် မထင်ပါဘူး။ မြန်မာနိုင်ငံကို အလုံးစုံပျက်စီးစေချင်လို့သာ စီးပွားရေးအပါအဝင် အဘက်ဘက်ကနေ အစဉ်အဆက်ကန့်သတ်ခြင်း၊ ပိတ်ဆို့နှောင့်ယှက် ဟန့်တားပိတ်ပင်ခြင်းတွေ ပြုနေကြတာဖြစ်တယ်လို့ပဲ မြင်မိပါတယ်။

အဆုံးသတ်ရရင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့ရဲ့ အခုလို ဆောင်ရွက်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေး၊ ရခိုင်ပြည်နယ်အပါအဝင် တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဘယ်လိုမှ အထောက်အကူမပြုပါဘူး။ တကယ်က ကုလသမဂ္ဂနဲ့ တကွ နိုင်ငံတကာအဖွဲ့အစည်းတွေသာ ရိုးသားဖြောင့်မတ်မှုရှိမယ်ဆိုရင်၊ အမှန်ငြိမ်းချမ်းပြီး သက်ဆိုင်ရာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင်၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားတယ်ဆိုရင် အဖြေရှာဖို့ရန်မခက်ပါဘူး။

အခုလို မဟုတ်မဟတ် ပြစ်တင်ဝေဖန်နေမယ့်အစား သံတမန်ကျင့်ဝတ်နည်းလမ်းအရ ညှိနှိုင်းပူးပေါင်း၊ တိုင်ပင်ဆွေးနွေးပြီး ချဉ်းကပ်အဖြေရှာသင့်တယ်လို့ ယူဆပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံနဲ့ ပြည်သူတွေကတော့ အချုပ်အခြာအာဏာနဲ့ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်မပျက်စီးအောင် ကာကွယ်စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချပြီး ဖြစ်သလို ဘယ်လိုဝင်ရောက်စွက်ဖက်မှုမျိုးမှ လက်ခံမှာမဟုတ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သာဇီရပ်ကွက်နေ သက်ဇော်လွင်(ခ) ဖိုးလုံးသည် ၎င်းအသုံးပြုသည့် “Thet Zaw Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် တိရစ္ဆာန်၊ ဆက်သွယ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် လိုင်စင်ခွင့်ပြုချက်မရရှိ ကုန်ပစ္စည်းရောက်ရှိသည့် ရက် ၆၀ ကျော်လွန်သည့် ဆက်သွယ်ရေးပစ္စည်းများ၊ CCTV Camera နှင့် ဆက်စပ်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၅၅၀၀)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဖိနပ်အစုံ ၁၆၅၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၄၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် မီးဖိုချောင်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၀၄၇၅)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၁၂၅၉၇၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်း





စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ရွှေဘိုမြို့နယ်အတွင်း Kenbo 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကိုလည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ Toyota Mark II အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပန်တိုင်စစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ခိုင်းနွားနှင့် နို့စားနွား ၁၆ ကောင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၈၆၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် တစ်စီးနှင့် Scania အမျိုးအစား Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၈၆၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လိမ္မော်သီး ၅၁ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၄၄၂၅၃၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုများအတွက် ကျန်ရစ်သူအကျိုးခံခွင့်များ ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်




ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော လုပ်ငန်းခွင်ပြင်ပတွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူသုံးဦးအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၉၁၄၀၀၀၀ နှင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် တစ်ဦးအတွက် ငွေကျပ် ၉၅၂၅၆၀ တို့ကို သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထိခိုက်သူ အာမခံအလုပ်သမားအား ပေးအပ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ အာမခံအလုပ်သမား ဦးချမ်းမြေ့ဦး၏ ချောက်မြို့တွင် တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းခွင်သို့အလာ မိုလာချောင်းရေကျော်၌ ရေစီးနှင့်အတူ မျောပါ၍သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၆၄၈၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အာမခံအလုပ်သမား ဦးမင်းပြည့်စုံ၏ လုပ်ငန်းခွင်အတွင်း မတော်တဆ သေနတ်မှန်၍ သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၃၉၆၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော First Energy Services Co;Ltd မှ အာမခံအလုပ်သမား ဦးရန်နောင်စိုး၏ လုပ်ငန်းခွင်မှ အပြန် ဆိုင်ကယ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၈၇၀၀၀၀၀ ကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော မြန်မာ့မီးရထားစက်ခေါင်းစက်ရုံမှ အာမခံအလုပ်သမား ဦးအေးဝင်း၏ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်၍ ညာဘက်လက်ပျက်စီးမှုအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ် ၉၅၂၅၆၀ကို သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထိခိုက်သူအာမခံအလုပ်သမားအား ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ခရိုင်**

**(မြန်/ဆက်)**

# အာကာသယာဉ်မှူး လေးဦးပါဝင်သည့် SpaceX Dragon အာကာသယာဉ် အပြည်ပြည်ဆိုင်ရာအာကာသစခန်းသို့ ရောက်ရှိ

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၇**

SpaceX Dragon အာကာသယာဉ်သည် ယာဉ်မှူး လေးဦးကို တင်ဆောင်လျက် အောက်တိုဘာ ၆ ရက်တွင် အပြည်ပြည်ဆိုင်ရာအာကာသစခန်းသို့ ဆိုက်ရောက်ခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အာကာသယာဉ်ပေါ်တွင် နာဆာမှ အာကာသယာဉ်မှူးများဖြစ်ကြသည့် နီကိုးမန်းနှင့် ဂျို့ရှ်ကက်ဆာဒါ၊ ဂျပန် အာကာသစူးစမ်းလေ့လာရေးအေဂျင်စီမှ အာကာသယာဉ်မှူး ကိုအီချီ ဝါကာတာနှင့် ရုရှားနိုင်ငံ ရို့စ်ကော့စမို အာကာသအဖွဲ့အစည်းမှ အန်နာ ကီကီနာတို့ လိုက်ပါခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာအာကာသစခန်း (အိုင်အက်စ်အက်စ် )သို့ဆိုက်ရောက်လာခဲ့သည်။

အာကာသစခန်းရှိ ခေတ်ခွဲခန်းတွင်တာဝန်ထမ်းဆောင်စဉ် ၎င်းတို့သည် သိပ္ပံလေ့လာမှုနှင့် နည်းပညာဆိုင်ရာ သရုပ်ပြသမှုပေါင်း ၂၀၀ ကျော်ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ လနှင့် အင်္ဂါဂြိုဟ်တို့သို့ လူသားများအလည်အပတ်သွားလာနိုင်ရေးအတွက် လေ့လာမှုများနှင့် ပြင်ဆင်မှုများကို လုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

ဆင်ဟွာ



# ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် သေဆုံးသူ ၁၇၀၀ အထိတိုးလာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၇**

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှစကာ မုတ်သုံမိုးရာသီအတွင်း ရေကြီးမှုကြောင့် သေဆုံးသူ ၁၇၀၀ အထိတိုးလာပြီး ဒဏ်ရာရရှိသူ ၁၂၈၆၇ ဦး ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က အောက်တိုဘာ ၆ ရက် ညပိုင်းက ပြောကြားသည်။

နိုင်ငံအတွင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ကလေး ၆၃၂ ဦးနှင့် အမျိုးသမီး ၃၄၀ သေဆုံးကြောင်း အင်န်ဒီအမ်အေက ထုတ်ပြန်ထားသည်။ နိုင်ငံတောင်ပိုင်း ရေကြီးမှုအဆိုးရွားဆုံးကြုံတွေ့ရသည့် ဆင်းပြည်နယ်တွင် သေဆုံးသူ ၇၆၃ ဦး ရှိပြီး အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်၌ သေဆုံးသူ ၃၃၆ ဦး၊ အနောက်မြောက်ပိုင်း ကိုင်းဘာ ပခ်ထွန်ခွာပြည်နယ်၌ သေဆုံးသူ ၃၀၈ ဦးနှင့် အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ သေဆုံးသူ ၂၂၃ ဦးတို့ရှိကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံ၌ မိုးရာသီအတွင်း အိမ်ခြေ ၂၀၄၈၇၈၉ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၁၁၆၃၂၃၇ ကောင်သေဆုံးခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောကြားသည်။

ဆင်ဟွာ



ပါကစ္စတန်နိုင်ငံအတွင်း ရေကြီးနစ်မြုပ်နေသည့် မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ၌ ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာသည့် အသေးစား ရောဂါလက္ခဏာများအတွက် အွန်လိုင်းမှ အကြံဉာဏ်ရယူရန် ထောက်ခံပေးထား

**တိုကျို အောက်တိုဘာ ၇**

ဂျပန်နိုင်ငံ၌ ကိုဗစ် – ၁၉ ကြောင့် အပျော့စားရောဂါလက္ခဏာများဖြစ်ပေါ်လာပါက အွန်လိုင်းပေါ်မှတစ်ဆင့် ဆရာဝန်များ၏ အကြံဉာဏ်ကိုရယူကြရန်အတွက် ပြည်သူများကို တိုက်တွန်းသွားမည်ဟု ကျန်းမာရေးအာဏာပိုင်များက စဉ်းစားထားကြသည်။

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်မှုကို လျှော့ချရန်အတွက် ယင်းသို့စီစဉ်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဆောင်းတွင်း၌ ဖြစ်ပွားနေကျဖြစ်သည့် ရာသီတုပ်ကွေးရောဂါပျံ့နှံ့မှုများ ပုံမှန်ထက်စော၍ ဖြစ်လာမည်ကို ကြိုတင်ခန့်မှန်းထားကြသည်။ ထို့ကြောင့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ ဝန်မပိစေရေးအတွက် ယခုလို စဉ်းစားထားခြင်းဖြစ်သည်။ ပြည်သူများဖျားနာလာပါက နေအိမ်တွင်သာ ဆေးစစ်ကြရန်နှင့် ဆေးစစ်မှုတွင် ရောဂါကူးစက်ထားခြင်းမရှိဟု ပြသပါက အွန်လိုင်းမှတစ်ဆင့်သာ ဆရာဝန်၏ အကြံပေးမှုခံယူရန် သို့မဟုတ် မိသားစုဆရာဝန်နှင့်ပြသရန် အကြံပြုထားသည်။ သက်ကြီးရွယ်အိုများအပါအဝင် ရောဂါလက္ခဏာပြင်းထန်သူများသာ ဆရာဝန်ထံ လူကိုယ်တိုင်သွားရောက်ကုသမှုခံယူရန် တိုက်တွန်းထားသည်။

ကိုဗစ် –၁၉ ကာကွယ်ဆေးနှင့် တုပ်ကွေးကာကွယ်ဆေး နှစ်ခုစလုံး ထိုးထားကြရန်လည်း ကျန်းမာရေးအာဏာပိုင်များက ပြည်သူများကို တိုက်တွန်းထားသည်။ လာမည့်သီတင်းပတ်အစောပိုင်းတွင် အသေးစိတ်အချက်အလက်များကိုကြေညာသွားမည်ဟုလည်း မျှော်လင့်ထားသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၀၀၀ အောက် လျော့နည်းလာ

**နယူးဒေလီ အောက်တိုဘာ ၇**

အိန္ဒိယနိုင်ငံ၌ အောက်တိုဘာ ၇ ရက်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၀၀ အောက် လျော့နည်းလာကြောင်း အာဏာပိုင်များက ပြောကြားသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူသစ် ၁၉၉၇ ဦးရှိသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၄၄၆၀၆၄၆၀ ရှိလာပြီဖြစ်သည်။ အောက်တိုဘာ ၆ ရက်နေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှုနှုန်း ၂၅၂၉ ဦးနှင့် နှိုင်းယှဉ်ပါက ယနေ့တွင် ကူးစက်မှုနှုန်း လျော့နည်းလာကြောင်း သိရသည်။



အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ကိုးဦးရှိသဖြင့် ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ သေဆုံးသူပေါင်း ၅၂၈၇၅၄ ဦးရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

# လက်ဘနွန်နိုင်ငံ၌ ၁၉၉၃ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ် ကာလဝမ်းရောဂါ ဖြစ်ပွားမှုတွေ့ရှိ

**ဘေရွတ် အောက်တိုဘာ ၇**

လက်ဘနွန်နိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုတစ်ခုကို တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၆ ရက်တွင်ကြေညာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် လက်ဘနွန်၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကို နောက်ဆုံးတွေ့ရှိခဲ့ခြင်းဖြစ်ရာ ယခုတစ်ကြိမ်တွေ့ရှိမှုမှာ ၁၉၉၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တွေ့ရှိခြင်းဖြစ်သည်။ မြောက်ပိုင်း အက်ကာတွင် ရောဂါဖြစ်ပွားမှုတွေ့ရှိခဲ့ပြီး လူနာမှာ ဆေးကုသမှုခံယူပြီးနောက် သက်သာလာပြီဟု အမျိုးသားသတင်းအေဂျင်စီက ပြောသည်။

ကျန်းမာရေးဝန်ကြီး ဖီရက်စ် အက်ဘီယက်က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုခေါ်ယူကာ အစည်းအဝေးပြုလုပ်ခဲ့ပြီး ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်စေရေးအတွက် နည်းဗျူဟာများချမှတ်ရန် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ဆင်ဟွာ

# ဂီနီနိုင်ငံ၌ ရွှေတွင်း ပြိုကျမှု ဖြစ်ပွားပြီး ၁၅ ဦးသေဆုံး

**ကွန်နာခရီ အောက်တိုဘာ ၇**

ဂီနီနိုင်ငံအရှေ့မြောက်ပိုင်း ဆီဂူရီဒေသ၌ အောက်တိုဘာ ၆ ရက်က ရွှေတွင်းတစ်ခု ပြိုကျမှုဖြစ်ပွားပြီးနောက် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ နိုရာဆိုဘာမြို့ရှိ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဖာတိုမာတာ ထရော်ရီက မြေပြိုမှုကြောင့် သေဆုံးသူ ရှစ်ဦးရှိပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူများကို ဒေသတွင်းဆေးရုံတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူလေးဦးကို ဆေးကုသပေးခဲ့ပြီး ဒဏ်ရာရရှိသူတစ်ဦးမှာ ပြင်းထန်သောအခြေအနေတွင်ရှိသဖြင့် အရေးပေါ်ဆေးကုသမှုခံယူရန် ကန်ကန်ဒေသဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂီနီနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရွှေအရင်းအမြစ်များ ချမ်းသာကြွယ်ဝကြောင်း၊ ဆီဂူရီပြည်နယ်၌ တရားမဝင်ရွှေတူးဖော်ခြင်းကြောင့် မြေပြိုခြင်းကဲ့သို့သော မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာ ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်လုံးချမ်းသာ ပရဟိတ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေဒါးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြရတနာ ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ လွယ်ပြေတောရဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့သည်။ **သတင်းစဉ်**

# မိတ္ထီလာခရိုင်အတွင်း ဝါ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်မည်

**မိတ္ထီလာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းမှ ဝါစိုက်ပျိုးထုတ်လုပ်သူများ အကျိုးအမြတ်ရရှိစေရေးနှင့် ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနသည် ဒေသတွင်းမှ ဝါလုပ်ငန်းရှင်များ၊ ဝါစိုက်တောင်သူများနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက မိတ္ထီလာခရိုင်၌ ဝါသီးနှံမျိုးစုံ ၄၂၇၂၁ ဧက စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် ဝါများခူးဆွတ်နေပြီဖြစ်၍ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိစေရေး၊ မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များရရှိစေရေး မျိုးစေ့ထုတ် စိုက်ကေ ၈၇၁ ဧက စိုက်ပျိုးထားရှိပြီး ယင်းမျိုးစေ့ထုတ်စိုက်ကေများမှ ထွက်ရှိသည့် ဝါမျိုးစေ့များ ပြန်လည်စုဆောင်းရာတွင် ဝါလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်မည်ဖြစ်ရာ ဌာနမှ ဆောင်ရွက်ရမည့်အချက်များ၊ ဝါလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ ၊ ဝါစိုက်တောင်သူများက လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ်မှ ဝါလုပ်ငန်းရှင် ဦးရန်နိုင်ဆွေက ဝါများဝယ်ယူရာတွင် ဝါစိုက်တောင်သူများ အဆင်ပြေစေရေး အတတ်နိုင်ဆုံး ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ဝါမျိုးစေ့များ ရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မလှိုင်မြို့နယ်မှ ဝါစိုက်တောင်သူ ဦးဝင်းကျော်က ဝါစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျမှုအခြေအနေများ၊ ဝါထွက်ရှိမှုအခြေအနေများ၊ ဝါရောင်းချရမှုအခြေအနေများကို တင်ပြဆွေးနွေးသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Enviromental Imapct Assessment (EIA) Survey လုပ်ငန်းများအား MV.PA-CIFIC PANDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၈ မိနစ် ၀၀.၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၇ မိနစ် ၀၀.၀၀ စက္ကန့်တို့ အတွင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-1 ဧရိယာတွင် Environmental Impact Assessment (EIA) Survey လုပ်ငန်းများအား MV. PACIFIC PANDA ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notic to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ -၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၅ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၃ | ၂၀၄၆ |
| HSD (500 ppm) | ၂၆၉၁ | ၂၇၇၄ |
| HSD (50 ppm) | ၂၇၆၂ | ၂၈၄၇ |
| HSD (10 ppm) | ၂၇၆၂ | ၂၈၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၆ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ နှစ်ဦးရှိ

(၇–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၂၀၁) ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၅၄,၁၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၅,၈၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၉,၈၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၆) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါ အခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံတစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၁၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၅၅၄၀၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၀၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၀၄၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့နှင့် မိုးညှင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့နှင့် ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းသည်။ **သတင်းစဉ်**



## မြောင်းမြမြို့ရှိ ရပ်ကွက်၊ ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ နေ့စဉ်ထိုးနှံပေးလျက်ရှိ

**မြောင်းမြ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို စဉ်ဆက်မပြတ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး (Booster dose) ထိုးနှံပေးရာတွင် မြို့ပေါ်ရှိ အမှတ် (၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နေ့စဉ်လူဦးရေ ၂၀၀ နှင့် ၃၀၀ ကြား ပုံမှန်ထိုးပေးလျက်ရှိပြီး အစုကြီး၊ ကံကြီး၊ ရှမ်းရေကျော် ကညင်ဂဲ၊ ရေကျော်၊ စက်ကုန်း၊ ဂါတ်စု၊ စကမြား အစရှိသည့်ကျေးရွာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းသွားရောက်ကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီအသင်း၊ ပရဟိတအဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး နှာခေါင်းစည်းကမ်ပိန်းပြုလုပ်၍ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေကာ အသိပညာပေးပြောကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာဈေးကြီးရှေ့၌ ယာယီအခန်းဖွင့်၍ ကာကွယ်ဆေးထပ်ဆောင်းအကြိမ် ထိုးနှံပေးလျက်ရှိ

**ပေါက်ခေါင်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဒေသခံပြည်သူများအား ကိုဗစ်–၁၉ ကာကွယ်ဆေးများကို စဉ်ဆက်မပြတ် ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့ စည်ပင်သာယာဈေးကြီးရှေ့ ဆေးထိုးစုရပ်၌ ဈေးရောင်းဈေးဝယ်နှင့် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ယာယီအခန်းဖွင့်လှစ်၍ ကာကွယ်ဆေးထပ်ဆောင်း အကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာစေရေးအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အရင်းအနှီးငါးခုဖြစ်သည့် လူသားအရင်းအနှီး၊ လူမှုအရင်းအနှီး၊ ငွေကြေးအရင်းအနှီး၊ ရုပ်ဝတ္ထုအရင်းအနှီးနှင့် သဘာဝအရင်းအမြစ် အရင်းအနှီးတို့ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ အဆိုပါအရင်းအနှီးငါးခုအနက် သဘာဝအရင်းအမြစ်၊ ဘဏ္ဍာရေးအရင်းအမြစ်နှင့် ရုပ်ဝတ္ထုအရင်းအမြစ်များကို စနစ်တကျ အသုံးပြုနိုင်စေရန်အတွက် လူသားအရင်းအနှီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကပါဝင်လျက် ရှိပါသည်။**

## ညိုညိုဝင်း(ကျေးလက်ဦးစီး)

မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်း ၅၄ သန်းကျော်တွင် ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်ကြ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာ၌ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအပိုင်းနှင့်ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအပိုင်းဟူ၍ နှစ်ပိုင်းခွဲ၍ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

### ကျေးလက်ဒေသလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အခြေခံမူ

ကျေးလက်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် Multilayer Principle အဖြစ် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စွမ်းရည်တည်ဆောက်ခြင်း၊ Adjustment Principle အဖြစ် ပြုပြင်ပြောင်းလဲခြင်းကို ဟန်ချက်ညီအောင်ဆောင်ရွက်ခြင်း၊ Long-term Principle အဖြစ် ရေရှည်စီမံချက်ထားရှိဆောင်ရွက်ခြင်း၊ Practicability Principle အဖြစ် လက်တွေ့ စွမ်းဆောင်ရည် တည်ဆောက်ခြင်း စသည့်အချက်များနှင့် အညီ လိုက်လျောညီထွေမှုရှိအောင် အခြေခံမူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

### ကျေးလက်ဒေသလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၏အရေးပါမှု

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံ၏စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပြောရေးတို့အတွက် ကျေးလက်ဒေသနှင့်ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် များစွာမှီတည်လျက်ရှိပါသည်။ မိမိတို့ဦးစီးဌာနဝန်ထမ်းများအနေဖြင့် ကျေးရွာအရောက် ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်း၊ ကျေးရွာအစည်းအဝေးနှင့် တွေ့ဆုံပွဲများ၌ ထိတွေ့ပြောဆိုခြင်း၊ တွေ့ကြုံရသော အခက်အခဲပေါင်းစုံကို ဖြေရှင်းပေးခြင်း စသည်ဖြင့် ပြည်သူလူထုနှင့် ထဲထဲဝင်ဝင်ဆက်ဆံနေရပါသည်။ ထိုသို့ဆက်ဆံရာတွင် ပြည်သူနှင့်တစ်သားတည်း နေထိုင်ကျင့်ကြံပြောဆိုဆက်ဆံမှသာလျှင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိပြီး ပြည်သူကအားထားရသော ဝန်ထမ်းကောင်းများဖြင့် ဖွဲ့စည်းထားသည့် ကောင်းမွန်သောအဖွဲ့အစည်းတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

### လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၏ အရေးပါသော အခန်းကဏ္ဍ

နိုင်ငံ့ဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများအနေဖြင့် အပြောင်းအလဲများကို သိမြင်လက်ခံလာစေပြီး တစ်ဦးချင်း ပူးပေါင်းပါဝင်မှသာလျှင် အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူလူထုများအနေဖြင့် မိမိတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရအဖွဲ့အစည်းများ၏ အကူအညီကိုသာ စောင့်ဆိုင်းလက်ခံခြင်းမျိုးမဟုတ်ဘဲ မိမိတို့ဘာသာ ကိုယ့်အားကိုယ်ကိုးသည့် စိတ်ဓာတ်၊ Community Leadership ၏ သဘောတရားများ၊ ပိုင်ရှင်စိတ်ဓာတ် (Ownership Mindset) တို့ ရှိလာစေရန် ပြောင်းလဲဆောင်ရွက်မှသာလျှင် အဆိုပါကျေးရွာများသည် အခြားသောကျေးရွာများထက် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု အပြောင်းအလဲအတွက် တစ်ဦးကောင်း တစ်ယောက်ကောင်း စီမံခန့်ခွဲလုပ်ဆောင်ရန် မဖြစ်နိုင်သကဲ့သို့ အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာလျှင် အပြောင်းအလဲကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသည် လူမှန်နေရာမှန် တာဝန်ပေးခြင်းဖြစ်ရာ သက်ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၏ စိတ်အခံ (Mindset) များကို ပြောင်းလဲအောင်စီမံခန့်ခွဲမပေးနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲကိုစီမံခန့်ခွဲမှု (Change Management)တွင် အခက်အခဲရှိလာပါလိမ့်မည်။ Mindset မပြောင်းလဲနိုင်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့တွင် ဗဟုသုတ၊ စွမ်းရည်အသစ်များ ရရှိလာမည် မဟုတ်ကြောင်း အပြောင်းအလဲကို စီမံခန့်ခွဲမည့် တာဝန်ရှိသူတိုင်း သိရှိနားလည်ထားရမည် ဖြစ်ပါသည်။

အပြောင်းအလဲ မပြုလုပ်ပါဘဲ ပိုမိုတိုးတက်ကောင်းမွန်သည့် အဖွဲ့အစည်း/ရပ်ရွာတစ်ခု ဖြစ်မလာနိုင်ပါ။ အပြောင်းအလဲကို ဝန်ထမ်းများ၊ ဒေသခံပြည်သူများက လက်ခံလာသည်နှင့်အမျှ အဖွဲ့အစည်း၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ပိုမိုတိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းများ၊ ကျေးရွာများဖြစ်လာနိုင်သည့်အတွက် အပြောင်းအလဲစီမံခန့်ခွဲမှု (Change Management) ကို အဖွဲ့အစည်းအတွင်းရှိ အလွှာပေါင်းစုံမှ ပါဝင်လုပ်ဆောင်ခြင်းဖြင့် တိုးတက်အောင်မြင်သော အဖွဲ့အစည်းများ၊ ကျေးရွာများဖြစ်လာနိုင်မည်ဖြစ်ပါသည်။

### စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆက်စပ်မှု

ကျေးလက်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်နေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လေ့ကျင့်သင်ကြားခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ စနစ်များနှင့်မူဘောင်များ ဖန်တီးခြင်းဖြင့် အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် လက်တွေ့ကျသောအရင်းအနှီးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ခေတ်စနစ်နှင့်အညီ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်မီလိုက်လျောညီထွေမှုရှိသည့် နည်းစနစ်များ၊ စက်မှုလက်မှုလုပ်ငန်းများ တွင်ကျယ်စွာအသုံးပြုနိုင်အောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကျေးလက်စီးပွားရေးခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရရှိစေရေးကို ဖြည့်ဆည်းမွေးထုတ်ပေးရမည် ဖြစ်ပါသည်။ ပထမဦးစွာ ကျေးလက်ဒေသရှိ လုပ်သားများအတွက် လုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှု၊ နည်းပညာကျွမ်းကျင်မှု စသည့် အသိပညာ၊ အတတ်ပညာများရှိသင့်ပြီး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် ကျွမ်းကျင်လုပ်သားများ ပါဝင်သည့်လူ့စွမ်းအားအရင်းအမြစ်များ စုဆောင်းခြင်း၊ ထပ်မံလိုအပ်သော အသိပညာ၊ အတတ်ပညာများ ထပ်မံဖြည့်ဆည်းပေးပြီး အရည်အသွေးပြည့်မီသည့် ကျေးလက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

### စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ရေးဆွဲထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ စဉ်ဆက်မပြတ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာလတို၊ ကာလလတ်စီမံကိန်းအစီအစဉ်များ ရေးဆွဲပြီး အရှိန်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပို့ပိုးမြှင့်တင်ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်နှင့် မိသားစုများ ဝင်ငွေတိုးပွားလာစေရန်တို့အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထူထောင်ပေးခြင်း၊ ကျေးလက်ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်စီးပွားရေးနှင့် ကျေးလက်ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစု ထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများကို ပြည်တွင်း/ပြည်ပဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ကျေးလက်နေပြည်သူလူထုများနှင့်အတူ နီးနီးကပ်ကပ်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့စဉ်ဆက်မပြတ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဓိကအခန်းကဏ္ဍဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထူးအလေးပေးထည့်သွင်း ဆောင်ရွက်လျက်ရှိပါသည်။ ဌာနဝန်ထမ်းများ၏ အရေးပါမှုကို သိမြင်ပြီး အပြည့်အဝယုံကြည်မှုပေးခြင်း၊ စွမ်းရည်ပြည့်ဝသောကျွမ်းကျင်ဝန်ထမ်းများနှင့် အသစ်တီထွင်ဆန်းသစ်တတ်သော ဝန်ထမ်းများ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်ခြင်းနှင့် ဝန်ထမ်းများအနေဖြင့် အများပြည်သူများနှင့် ဆက်ဆံရာတွင် ကောင်းမွန်သောဆက်ဆံရေးဖြစ်လာစေရန် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်များကို သင်ကြားပို့ချပေးခြင်း စသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတကာ စီမံကိန်းဆောင်ရွက်မှု အတွေ့အကြုံကောင်းများဖြင့် ပြည်သူအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူသားအရင်းအမြစ် (Human Resource)ကို အသုံးပြု၍ သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်သဖြင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုပုံစံဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးပြုလျက်ရှိပါသည်။

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဓိကအခန်းကဏ္ဍဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထူးအလေးပေးထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။ ဌာနဝန်ထမ်းများ၏ အရေးပါမှုကို သိမြင်ပြီး အပြည့်အဝယုံကြည်မှုပေးခြင်း၊ စွမ်းရည်ပြည့်ဝသောကျွမ်းကျင်ဝန်ထမ်းများနှင့် အသစ်တီထွင်ဆန်းသစ်တတ်သော ဝန်ထမ်းများ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး လူမှန်၊ နေရာမှန်တာဝန်ပေးအပ်ခြင်းနှင့် ဝန်ထမ်းများအနေဖြင့် အများပြည်သူများနှင့် ဆက်ဆံရာတွင် ကောင်းမွန်သောဆက်ဆံရေးဖြစ်လာစေရန် ပြည်သူ့ဝန်ဆောင်မှု ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်များကို သင်ကြားပို့ချပေးခြင်း စသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၇ သို့*

# ပေပင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**အိမ်မဲ အောက်တိုဘာ ၇**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှုလုပ်ငန်း ပညာသင်ကျောင်းတို့မှ ပူးပေါင်း၍ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပေပင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို အောက်တိုဘာ ၄ ရက်က ဆက်လက် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ပေပင်စုကျေးရွာ၌ စက်တင်ဘာ ၂၉ ရက်မှစပြီး တစ်လကြာ သင်ကြားမည်ဖြစ်ပြီး သင်တန်းနည်းပြ တစ်ဦးက သင်တန်းသား ၃၀ ကို စာတွေ့လက်တွေ့ သင်ကြားနေကြောင်း သိရသည်။ အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး မိသားစုများဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖြစ်သော စက်ချုပ်သင်တန်းများအပြင် ဆိုင်ကယ်ပြင်သင်တန်းများကိုလည်း မကြာမီ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ချစ်သက်လယ် (အိမ်မဲ)**



*စာမျက်နှာ ၁၆ မှ*

### ကျေးလက်ဦးစီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်မှုများ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများအား ပိုင်ဆိုင်မှု (Assets)အဖြစ် ရှုမြင်ပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ၎င်းတို့ကို လုပ်ငန်းခွင်တွင် သက်ဆိုင်သည့် လုပ်ငန်းနေရာများ၌ ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ ၂၀၁၆ –၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၁–၂၀၂၂ ခု ခြောက်လဘဏ္ဍာနှစ်အထိ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ခဲ့မှုအခြေအနေကို ဖော်ပြအပ်ပါသည်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်၊ အောက်မြန်မာပြည်) တို့တွင် ဖွင့်လှစ်သည့်သင်တန်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၄၈၁ ဦးတက်ရောက်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သည့်သင်တန်းသို့ စုစုပေါင်း ၈၇၆ ဦး တက်ရောက်ခဲ့ပါသည်။

### ကျေးလက်နေပြည်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်မှု

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်သည့်အနေဖြင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်များမြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ကျေးလက်နေပြည်သူများကိုလည်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ ပို့ချပေးလျက်ရှိပါသည်။

ဦးစီးဌာနအနေဖြင့် ကျေးရွာသူ ကျေးရွာသားများအား အသင်းအဖွဲ့ပုံစံ/အစုအဖွဲ့ ပုံစံဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်လာစေရန် အသင်းအဖွဲ့/စုဖွဲ့မှုဆိုင်ရာသင်တန်းများ၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ၊ အသင်းအဖွဲ့များမှ ထုတ်လုပ်သည့် ထုတ်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ တင်ပို့နိုင်ရန်အတွက် ဈေးကွက်ရှာဖွေချိတ်ဆက်မှုသင်တန်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာသင်တန်းများ၊ ရန်ပုံငွေဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများနှင့် အခြားလိုအပ်သည့် သင်တန်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများအား လိုအပ်သောငွေကြေးအရင်းအနှီးများ လက်လှမ်းမီရရှိစေရန်အတွက်လည်း **“ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများ”** ဆောင်ရွက်ပေးလျက်ရှိပါသည်။

### တွေ့ကြုံရသော အခက်အခဲများနှင့် အားနည်းချက်များ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအပိုင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရာတွင် မြို့နယ်အဆင့်ဦးစီးဌာနရုံးများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဝန်ထမ်းနှင့် လုပ်ငန်းအချိုးမညီမျှခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ငွေစာရင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများလုံလောက်မှုမရှိခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာသင်တန်းများ ထပ်မံပံ့ပိုးပေးရန်လိုအပ်ခြင်း၊ အင်ဂျင်နီယာငယ်များအပါအဝင် ကဏ္ဍအလိုက်ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများနှင့် နည်းပညာဆိုင်ရာသင်တန်းများ ထပ်မံပံ့ပိုးပေးရန် လိုအပ်ခြင်း၊ M&E၊ MIS စနစ်အတွက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိခြင်းတို့ ဖြစ်ပေါ်လျက် ရှိပါသည်။

ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအပိုင်းနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ စနစ်တကျထိရောက်စွာဖွင့်လှစ်နိုင်ရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းလိုအပ်ခြင်း၊ သင်တန်းသား ရွေးချယ်ရေးစံနှုန်းများ၊ Guideline များထားရှိရန်လိုအပ်ခြင်း၊ သုတေသနစာတမ်းများ ပြုစုဖတ်ကြားခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနလုပ်ငန်းများ/စစ်တမ်းကောက်ယူမှုများ ပြုလုပ်နိုင်မှုမရှိသေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးပြီးနောက် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်အတွက် လုံလောက်သောရန်ပုံငွေမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သည့်အခါ သင်တန်းသားများအား မြို့နယ်များသို့ခေါ်ယူရန် အခက်အခဲရှိသဖြင့် ကျေးရွာတစ်ရွာတည်းရှိ သင်တန်းသူ သင်တန်းသားများအား စုပေါင်းသင်ကြားရသည့်အတွက် သင်တန်းဖွင့်လှစ်ပြီးသည့်အခါ ၎င်းတို့၏ ထုတ်ကုန်များ တူညီနေခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပြီးနောက် ဌာနမှအရင်းအနှီးမပံ့ပိုးနိုင်ခြင်းတို့ကြောင့် ထုတ်ကုန်များ ဈေးကွက်သို့ ရောက်ရှိရေးချိတ်ဆက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးချိတ်ဆက်ပေးနိုင်မှု အားနည်းနေသေးခြင်း၊ အချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စာရင်းဇယားများနှင့်ပတ်သက်၍ အားနည်းနေသေးခြင်း၊ အချို့ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းစတင် ဆောင်ရွက်ချိန်၌ အမျိုးသမီးများ ပါဝင်နိုင်ရန်ခက်ခဲခြင်း၊ အမျိုးသမီးများ ရှေ့ထွက်၍ ဆွေးနွေးအကြံပေးနိုင်မှု နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။

### သုံးသပ်အကြံပြုချက်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အား သင့်တင့်မျှတစွာ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ဝန်ထမ်းသစ် ခန့်ထားခွင့်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ခန့်ထားခွင့်ရရှိပါက လုပ်ငန်းများ ပိုပိုမြန်ဆန်သွက်လက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဈေးကွက်နှင့်ဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းအမျိုးအစားရွေးချယ်၍ အမှန်တကယ် လုပ်ငန်းဆောင်ရွက်မည့် သင်တန်းသားများ ရွေးချယ်ခြင်း၊ နည်းပညာ အကူအညီ ရယူရန်နှင့် သင်တန်းများဖွင့်လှစ်ရန်အတွက် ရက်ကန်းနှင့် သက်မွေးသင်တန်းကျောင်းများအပါအဝင် ဆက်စပ်ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်မှုများအပေါ် အကဲဖြတ်ဆန်းစစ်မှုများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သင်တန်းဆင်း ရွာသူ ရွာသားများအား ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသောချေးငွေများ ထောက်ပံ့ပေးခြင်း၊ သမဝါယမအသင်းများ ဖွဲ့စည်းပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် ဝန်ထမ်းများအား ပြည်တွင်း/ပြည်ပ သင်တန်းများ တက်ရောက်စေခြင်း၊ လေ့လာရေးခရီးစေလွှတ်ခြင်း၊ နောင်တွင်သင်တန်းများကို စနစ်တကျ ဖွင့်လှစ်နိုင်ရန်အတွက် “အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်” Standard Operating Procedures (SOP) ရေးဆွဲ၍ ယင်း(SOP)နှင့်အညီ ဆောင်ရွက်သင့်ပါသည်။

### စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်

လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုက်ရိုက်အချိုးကျ ဆက်သွယ်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်ပါသည်။ ထို့ပြင်ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားလည်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် အဆိုပါ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မြင့်မားမှုကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် **“စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်”** ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားနည်းချက်များအပေါ် အခြေခံပြီး ဖြေရှင်းဆောင်ရွက်ရမည့်အချက်များကို ကြိုးစားဆောင်ရွက်သည့်အပြင် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဦးစီးဌာနဝန်ထမ်းများအား စနစ်တကျစီမံခန့်ခွဲခြင်း၊ ကျေးလက်နေပြည်သူများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ဖြင့် ဦးစီးဌာနဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူလူထု၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပုသိမ်မြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ မောင်တောမြို့ သင်တန်းကျောင်းတွင် အမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သူရိန်ထွန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကော့သောင်းမြို့ သင်တန်းကျောင်းတွင် တနင်္သာရီ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်းတို့ တက်ရောက်ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ အသီးသီး တက်ရောက်သည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ဘားအံသင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူ ပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးလျက်ရှိသည်။ သင်တန်းထူးချွန်ဆုရရှိသူများအား စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အပ်ချုပ်စက် တစ်လုံးစီ ဆုချီးမြှင့်ပေးခဲ့သည်။ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်း ၂၄ ကျောင်းတွင် ၂၀၂၂ ခုနှစ် မေ ၉ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၆၄ ဦး တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူ စုစုပေါင်း ၉၄၂၃၂ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မူဆယ်မြို့၌ အခြေခံလူတန်းစား အိမ်ထောင်စု ၇၀၀ ခန့်အား စားသောက်ကုန်များလှူဒါန်း

**မူဆယ် အောက်တိုဘာ ၇**

မူဆယ်မြို့၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကွန်ရက် ကမ်းလက်ကူညီ ပရဟိတအသင်း၏ ဦးဆောင်မှုဖြင့် မူဆယ်မြို့ခံအလှူရှင်များ ပူးပေါင်းကာ အခြေခံလူတန်းစားများနှင့် ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု ၇၀၀ ခန့်အတွက် ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို အောက်တိုဘာ ၆ ရက်က လှူဒါန်းသည်။

ကမ်းလက်ကူညီ ပရဟိတအသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုဥက္ကဋ္ဌ ဦးစိန်လှအောင်နှင့် အသင်းသူအသင်းသားများက မူဆယ်မြို့တွင်းရှိ အခြေခံလူတန်းစားများရှိရာ ရပ်ကွက်၊ ကျေးရွာများ၌ ကွင်းဆင်းစာရင်းကောက်ယူပြီး မူဆယ်မြို့ သိန်းသန်းချီကားလမ်းဘေး ရဟတ်ယာဉ်ကွင်းနှင့် အားကစားကွင်းနေရာ၌ လှူဒါန်းခြင်းဖြစ်ကာ အိမ်ထောင်စု ၇၀၀ ခန့်အား တစ်အိမ်ထောင်လျှင် ဆန် သုံးပြည်၊ ဆီ တစ်ဘူး၊ ဆေးဝါး၊ ဆားနှင့် ကြက်ဥ ငါးလုံးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အသင်းဥက္ကဋ္ဌ ဦးဝင်းဌေးက “ဒီကာလမှာ အခြေခံလူတန်းစားတွေအနေနဲ့ ပိုပြီးအခက်အခဲရှိနိုင်မယ်ထင်လို့ ကျွန်တော်တို့အနေနဲ့ အသင်းသူ အသင်းသားတွေ တိုင်ပင်ညှိနှိုင်းပြီး အခုလို လှူဖြစ်ခဲ့တာပါ၊ ဒီလိုလှူဒါန်းပေးဖို့အတွက် မူဆယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေ၊ မူဆယ်မြို့က အလှူရှင်တွေနဲ့ စေတနာရှင်တွေ၊ မူဆယ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်တင်တင်စိန်နဲ့ ဝန်ထမ်းတွေကလည်း လိုအပ်တဲ့အလှူငွေ၊ လှူဒါန်းပစ္စည်းတွေ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါတယ်။ ပြီးတော့ ဌာနဆိုင်ရာတွေ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေကလည်း တက်ညီလက်ညီနဲ့ မိမိတို့တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးခဲ့ကြပါတယ်။ နောက်လည်း အလှူရှင်ရှိရင်ရှိသလို ထပ်မံလှူဒါန်းပေးနိုင်အောင် ကြိုးစားသွားပါမယ်”ဟု ပြောသည်။



အဆိုပါထောက်ပံ့လှူဒါန်းပွဲတွင် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေး အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များတက်ရောက်၍ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှုအတိုင်း ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ (၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကလည်း ထောက်ပံ့ပွဲတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းဖြင့် ဝိုင်းဝန်းကူညီခဲ့ကြောင်း သိရသည်။

သန့်ဇင် (မူဆယ်)

# သီတင်းကျွတ်ချိန်ခါ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ရှမ်းတိုင်းရင်းသားများ၏ရိုးရာ သစ်မုတ်စင်ပူဇော်ပွဲကျင်းပမည်

**သီပေါ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲ (၁၂၇) ကြိမ်မြောက် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဘုန်းတော်ကြီးကျောင်း ၃၀ မှ ရဟန်း ၃၀၃ ပါး၊ ရှင်သာမဏေ ၁၄၉၆ ပါး စုစုပေါင်း သံဃာတော် ၁၇၉၉ ပါးတို့ကို သီတင်းကျွတ်လပြည့်ကျော် (၃)ရက် အရုဏ်တက်ချိန်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ကျင်းပပြီး စာရေးတံမဲဖောက်ကာ မဟာမြတ်မုနိဘုရားကြီးရင်ပြင်တော်၌ ဆွမ်းတော်ကြီးလောင်းလှူကြမည်ဖြစ်သည်။

ထို့ပြင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာမပျက် ချိန်ဆန်ပွတ်(ခေါ်) သစ်မုတ်စင်ဘုရားကျောင်းဆောင်လှူဒါန်းမှုမှာလည်း အဓိကကျလှပေသည်။ ဘုရားကျောင်းဆောင်ကို ဝါးနီးများဖြင့် ကျောင်းဆောင်ပုံစံသဏ္ဌာန်ရက်လုပ်ပြီး ဆေးဆိုးခြင်း၊ ဘုံအဆင့်ဆင့်ရှိ ပြာသာဒ်ဆောင်ပုံအတိုင်းပြုလုပ်၍ ရှမ်းမိုင်းကိုင်စက္ကူများဖြင့် ဖုံးအုပ်ပုံဖော်ကာ ဆေးရောင်ခြယ်လျက် ရွှေရောင်ငွေရောင်စက္ကူများဖြင့် ပန်းဆွဲကြယ်တို့နှင့် သပ်ရပ်စွာ ပြုလုပ်ထားသော သစ်မုတ်စင်အောက်တွင် အုန်းသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရှောက်ချို၊ လိမ္မော်သီး၊ ကန်စွန်းဥ၊ ကြံချောင်း၊ မြေပဲယို၊ မုန့်မျိုးစုံ စသည်များကို တွဲလောင်းချိတ်ဆွဲ လှူဒါန်းကြမည့် သီတင်းကျွတ်လဆန်း (၁၄) ရက် ညနေတွင် သစ်မုတ်စင်ဘုရားကျောင်းဆောင် တင်ထားပူဇော်ကြမည့် ရှမ်းတိုင်းရင်းသားများ၏ ဓလေ့ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၅/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၅/၂၀၂၂) အား (၁၇-၁၀-၂၀၂၂) ရက်နေ့မှ (၂၅-၁၁-၂၀၂၂)ရက်နေ့အထိ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွှာင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁၀-၂၀၂၂ စနေနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၃၅ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အရေး အကဲဖြတ်ဒိုင်အဖွဲ့) ဆွေးနွေးခန်းအစီအစဉ်
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါး အချစ်ချိုချို'** (အပိုင်း-၁၄)
၁၃:၃၀ MRTV National News
၁၄:၅၀ Weekly MNL Review
၁၅:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၉)
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'လူ့စိတ်လူ့သဘော'
၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၂၀ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အက အကဲဖြတ်ဒိုင်အဖွဲ့) ဆွေးနွေးခန်းအစီအစဉ်
၁၇:၄၀ ရိုးရာမပျက် ရောင်စုံကြာပွင့်လေးတွေနဲ့ ဆီမီးမျှော်ကြမယ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာ သီရိဂေဟာ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့ နှီးလေး'** (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၃၀)ဖြာမင်္ဂလာ **'အနာကုလာစ ကမ္မန္တ'** **(ကျွမ်းကျင်သောအလုပ်ကိုစနစ်တကျပြုလုပ်ခြင်း)**
၂၁:၅၅ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်း 'နှလုံးသားနှင့် ရဲတာဝန်'

**mitv**

07:02 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:08 Weekly Review
07:24 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-3) Residence of Rich Man, Kothiya
08:01 News
08:30 Discovering Tribes: Khamti Shan (Part-I)
08:57 Quiz Time
10:01 News
10:24 Exploring Migratory Birds at Moe Yun Gyi Sanctuary
11:01 Wet Markets of Yangon: Thirimingalar Market
11:09 The Banjoist
11:27 Sarpay Beikman Diamond Jubilee

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မုလအိ(အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း (Self Makeup)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆပ်ပါထမင်းသုပ်နှင့် ဝက်နံရိုးချဉ်ရည်ဟင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ချစ်စရာရိုးရာအိမ်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
နားမွေတော်ဓာတ်စေတီ ဓာတ်တက်ပွဲ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပီနောင့်တိုင်းတို့ နာမည်မှည့်ခေါ်ပုံ

**'ဝ' (၁၅:၀၀ မှ ၁၇:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၇)

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စပ်လဲရေတံခွန်သို့ အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရုံးပတီသီးနှင့်ကျန်းမာရေး

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ Weekly International News
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းမဲ'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာဆိုင်ရာရွေးကောက်ပွဲများ အကြောင်း - ကိုရီးယားနိုင်ငံ (အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
၀၇:၀၀ ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
၀၇:၄၅ စပါးအခြောက်စိုက်ခင်းများနှင့်ပေါင်းပြဿနာ အဖြေရှာ
၀၈:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၈:၃၀ စိုက်ပျိုးကြပါသစ်ပင်များစွာ စိမ်းလန်းစေချင် မြန်ပြည်တစ်ခွင်

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများတင်ဆက်မည့် "အဥ္ဇလီ အငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် အောက်တိုဘာ ၇

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ဖျော်ဖြေတင်ဆက်မည့် "အဥ္ဇလီ အငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ ၉ ရက်၊ (တနင်္ဂနွေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဦးစောမင်းနောင်က စီစဉ်ပြီး မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများဖြစ်ကြသည့် ခေါင်းဆောင်မင်းသမီး ယဉ်ယဉ်ဝေ၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူ၊ လင်းဇော်နိုင်နှင့် ဇင်ဝိုင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇- ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၀၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၀၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၁၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၁၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၀၅ ကျပ် | ၂၇၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၉၀ ကျပ် | ၂၈၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၅၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၆၉ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၁၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၄၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၁ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၅ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၃၉ | ၂၂၉၄၄၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၄၃၁၅ | ၁၅၃၁၈၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၈၄ | ၆၅၅၂၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၈၃၄ | ၁၆၆၁၇၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၇၆ | ၄၈၇၈၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၃၇၀ | ၁၀၁၇၅၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၉၈၇ | ၄၉၅၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## PREMIER LEAGUE – GAME WEEK 10

ယခု တစ်ပတ်မှာ ပရီမီယာလိဂ် ပွဲစဉ် (၁၀) ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယား ဦးဆောင်သူ အာဆင်နယ်က နာမည်ကြီး လီဗာပူးအသင်းနဲ့ ဆုံတွေ့နေတဲ့ပွဲစဉ်အပါအဝင် အဲဗာတန်က မန်ယူအသင်း၊ မန်စီးတီးက ဆောက်သမ်တန် စတဲ့အသင်းတွေ တွေ့ဆုံနေပါတယ်။ မြို့ခံပြိုင်ဘက်မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ မန်ယူအနေနဲ့ ယခုပွဲစဉ်မှာ ချေဖျက်သွားနိုင်မလား. . . .



## လီဗာပူးကို အနိုင်ယူပြီး အမှတ်ပေးဇယား အာဆင်နယ် ဦးဆောင်သွားနိုင်မလား

### ဘုန်းမောက် VS လက်စတာ

**ဘုန်းမောက်နဲ့ လက်စတာတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၈-၁၀-၂၀၂၂ | စနေနေ့ | | | ည ၈:၃၀ |
|---|---|---|---|---|
| ၁၃-၇-၂၀ | ပရီမီယာလိဂ် | **ဘုန်းမောက်** | ၄-၁ | လက်စတာ |
| ၃၁-၈-၁၉ | ပရီမီယာလိဂ် | **လက်စတာ** | ၃-၁ | ဘုန်းမောက် |

ဘုန်းမောက်ရော လက်စတာပါ နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာ နိုင်ပွဲ ရရှိထားတယ်။ အမှတ်ပေးဇယားရပ်တည်မှုအရ ဘုန်းမောက်အသင်းထက် လက်စတာအသင်း မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတာ တွေ့ရတယ်။ တိုက်စစ်ပိုင်းအားနည်းတဲ့ ဘုန်းမောက်ကို လက်စတာ အသာရဖွယ်ရှိတယ်။

### မန်စီးတီး VS ဆောက်သမ်တန်

**မန်စီးတီးနဲ့ ဆောက်သမ်တန်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၈-၁၀-၂၀၂၂ | စနေနေ့ | | | ည ၈:၃၀ |
|---|---|---|---|---|
| ၂၀-၃-၂၂ | အက်ဖ်အေ | ဆောက်သမ်တန် | ၁-၄ | **မန်စီးတီး** |
| ၂၃-၁-၂၂ | ပရီမီယာလိဂ် | ဆောက်သမ်တန် | ၁-၁ | မန်စီးတီး |

မန်စီးတီးအသင်းက ဟာလန်းခြေစွမ်းပြမှုနဲ့အတူ တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီနေတာ တွေ့ရတယ်။ ဆောက်သမ်တန်က ရမှတ် ၇ မှတ်သာ ရှိထားတာကြောင့် နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ သို့သော်လည်း ခံစစ်မာကျောပြီး တိုက်စစ်ထက်မြက်တဲ့ မန်စီးတီး အသင်းကို အနိုင်ရဖို့ မလွယ်ဘူး။

### အာဆင်နယ် VS လီဗာပူး

**အာဆင်နယ်နဲ့ လီဗာပူးတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၉-၁၀-၂၀၂၂ | တနင်္ဂနွေနေ့ | | | ည ၁၀:၀၀ |
|---|---|---|---|---|
| ၁၇-၃-၂၂ | ပရီမီယာလိဂ် | အာဆင်နယ် | ၀-၂ | **လီဗာပူး** |
| ၂၁-၁-၂၁ | လိဂ်ဖလား | အာဆင်နယ် | ၀-၂ | **လီဗာပူး** |

ဒီနှစ်သင်း နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုမှာ လီဗာပူးက အသာရထားတယ်။ သို့သော်လည်း အမှတ်ပေးဇယားကို ဦးဆောင်ထားတဲ့ အာဆင်နယ်အနေနဲ့ အိမ်ကွင်းမှာ လီဗာပူးအသင်းကို အနိုင်ရရှိဖို့ သေသေချာချာ ပြင်ဆင်လာမှာပါ။ လီဗာပူးကလည်း ပရီမီယာလိဂ် နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်ဖို့ ကြိုးစားလာမှာပါ။

### အဲဗာတန် VS မန်ယူ

**အဲဗာတန်နဲ့ မန်ယူတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| ၁၀-၁၀-၂၀၂၂ | တနင်္လာနေ့ | | | နံနက် ၁၂:၃၀ |
|---|---|---|---|---|
| ၉-၄-၂၂ | ပရီမီယာလိဂ် | **အဲဗာတန်** | ၁-၀ | မန်ယူ |
| ၂-၁၀-၂၁ | ပရီမီယာလိဂ် | မန်ယူ | ၁-၁ | အဲဗာတန် |

ပြီးခဲ့တဲ့လိဂ်ပွဲစဉ်မှာ မြို့ခံပြိုင်ဘက် မန်စီးတီးကို ဂိုးပြတ်အရှက်တကွဲရှုံးနိမ့်မှုကို ယခုအဲဗာတန်နဲ့ပွဲစဉ်မှာ ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ အဲဗာတန်အသင်းကလည်း ပုံမှန်ခြေစွမ်းရရှိနေတာကြောင့် မန်ယူအသင်း အခက်တွေ့ဖွယ်ရှိပါတယ်။ မည်သို့ပင်ဆိုစေ ခက်ခက်ခဲခဲကစားပြီး မန်ယူအသာရဖွယ်ရှိတယ်။

## ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၃) တွင် မန်ယူ၊ အာဆင်နယ်၊ မိုနာကိုတို့ နိုင်ပွဲရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၃) မှ ဆိုက်ပရပ်စ် ကလပ် အိုမိုနီးယားအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စီရော်နယ်ဒိုဦးဆောင်သည့် မန်ယူအသင်းတိုက်စစ်က ပထမပိုင်းတွင် လိုအပ်ချက်များစွာရှိခဲ့ပြီး ဒုတိယပိုင်း ရက်ဖို့ဒ်နှင့် မာရှယ်ဝင်ရောက်လာသည့်အခါမှ အသင်း၏ တိုက်စစ်ပိုင်းထက်မြက်ခဲ့ပြီး လိုအပ်သည့် သွင်းဂိုးများ ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းက အိမ်ရှင်အိုမိုနီးယားအသင်းထက် ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးအသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။

အိမ်ရှင်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်နှင့် ပွဲချိန် ၈၅ မိနစ်တွင် အန်ဆာရီဖာ့တ်နှင့် ပန်နေအို တော့က သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ရက်ဖို့ဒ်နှင့် မာရှယ်က ၅၃ မိနစ်၊ ၆၃ မိနစ်နှင့် ၈၄ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းက ယခုအနိုင်ပွဲကြောင့် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အိုမိုနီးယားအသင်းက သုံးပွဲကစား သုံးပွဲစလုံးရှုံးနိမ့်ထားသည့် အတွက် ရမှတ် မရရှိသေးပေ။

အခြားသော နာမည်ကြီး ပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က ဘိုဒိုဂလင့်ကို သုံးဂိုးပြတ်၊ ဆိုစီဒက်က ရီးရစ်ဖ်ကို နှစ်ဂိုးပြတ်၊ မိုနာကိုက ထရက်ဇန်စပေါ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရိုးမားက ဘက်တစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။



### ကာတာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၎င်း၏ နောက်ဆုံးပြိုင်ပွဲဟု မက်ဆီပြော

နိုဝင်ဘာလတွင် ကာတာ၌ ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲက ၎င်း၏ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ကြောင်း မက်ဆီက ပြောသည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ငါးကြိမ်မြောက် ကစားခွင့်ရရှိမည်ဖြစ်ပြီး မာရာဒိုနာနှင့် မာရှေယာနိုတို့၏ စံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းသစ်ရေးထိုးနိုင်မည် ဖြစ်သည်။

## နောက်ဆုံးရနိုင်ငံတကာသတင်းတိုများ

▲ ဆောက်သမ်တန်အသင်းသည် အသင်းရလဒ်များဆိုးရွားနေသည့်အတွက် ဟာစင်ဟွတ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်ပြီး နော်တင်ဟမ်နည်းပြ စတိဗ်ကူးပါးဖြင့် အစားထိုးဖွယ်ရှိနေသည်။

▲ ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၁၉ နှစ်အရွယ် ဂျာမနီ ကွင်းလယ်ကစားသမား ဂျမယ် မူစီရယ်လာကို နွေရာသီတွင် လီဗာပူးအသင်း ခေါ်ယူသွားဖွယ်ရှိနေသည်။

▲ ၂၀၂၃ ခုနှစ်တွင် ချယ်ဆီးအသင်း၏ ဦးစားပေးပစ်မှတ်အဖြစ် ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ရိုက်စ် (၂၃နှစ်) ဖြစ်လာဖွယ်ရှိသည်။

▲ မန်ယူအသင်းမှ အသက် ၂၄ နှစ်အရွယ် မားကပ်စ် ရက်ဖို့ဒ်၏ အခြေအနေကို အာဆင်နယ်အသင်း စောင့်ကြည့်နေသည်။

▲ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ဂရစ်ဇ်မန်းကို ဘာစီလိုနာအသင်း အပြီးသတ် ရောင်းချဖွယ်ရှိနေသည်။

■ မိုးဇက် - စုစည်းသည်

## ဒဏ်ရာကြောင့် ထရန်ဆန်ဗေးနီးယားအိုးပင်းပြိုင်ပွဲမှ ရာဒူကာနူ နုတ်ထွက်

ရိုမေးနီးယားနိုင်ငံ၌ ကျင်းပမည့် ထရန်ဆန်ဗေးနီးယားအိုးပင်း ပြိုင်ပွဲမှ ဒဏ်ရာကြောင့် ဗြိတိန် နံပါတ်တစ် တင်းနစ်မယ် အမ်မာ ရာဒူကာနူ နုတ်ထွက်လိုက်ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် ရာဒူကာနူသည် ယမန်နှစ်က အဆိုပါ ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်ဟု သိရသည်။ ရာဒူကာနူသည် ၎င်း၏ WTA ပြိုင်ပွဲပထမဆုံးတစ်နှစ်အတွင်း ဒဏ်ရာအနာတရများဖြင့် ရုန်းကန်နေရသူ ဖြစ်သည်။



ထို့အပြင် ၎င်းအနေဖြင့် မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကိုရီးယားအိုးပင်း ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ထို့နောက် ချက်နိုင်ငံတွင် ကျင်းပသည့် အော့စရာဗာ အိုးပင်းပြိုင်ပွဲတွင်လည်း ကမ္ဘာ့အဆင့် ၆၇ ရှိ ရာဒူကာနူသည် ပထမအဆင့်၌ပင် ပြိုင်ဘက် ရုရှား တင်းနစ်မယ်ကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ် ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန


**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မန္တူဇလမ်း၊ မြေကွက်အမှတ် (A-၁၆၀)ဟုခေါ်တွင်သော (ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၇၂ A၊ ကျောင်းကုန်းမြောက်ကွင်း) အလျား X အနံ(၄၀X၆၀)ပေ အကျယ်ရှိ ဦးအုန်းလှိုင် အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသိန်းထိုက် ၈/ပဖန(နိုင်)၀၇၀၈၆၂ နှင့် ဦးသွင်ထူးအောင် ၅/မရန(နိုင်)၁၄၇၅၃၂ တို့က ပြန်လည်ဝယ်ယူရန်အတွက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံသော ဒေါ်ခင်ခင်သန်း ၁၁/မပန(နိုင်)၀၅၄၇၃၂ အား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုသည့် ပစ္စည်းနှင့် ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်မှုကိုမျှ ထည့်သွင်းစဉ်းစားတော့မည်မဟုတ်ဘဲ အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်နည်( LL.B,D.B.L) (စဉ်-၁၄၆၆၈) တရားလွှတ်တော်ရှေ့နေ
ဒေါ်နှင်းနှင်းထွေး(LL.B)(စဉ်-၂၄၉၆၈)
ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B)(စဉ်-၅၀၈၅၄)
အထက်တန်းရှေ့နေများ

ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ဘဝမြင့်၊ လူနေရပ်ကွက်အမှတ်-မလိခအိမ်ရာ၊ မြေကွက်အမှတ် (၄၉ + ၅၀)၊ ဧရိယာ (၀.၂၁၄) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊ မလိခလမ်းသွယ် (၂)၊ အမှတ် (၉/၁၀)ဟုခေါ်တွင်သော နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးတင့်လွင် (၁၂/တမရ (နိုင်) ၀၃၂၀၆၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ်-၃၆၊ မြေညီထပ်၊ ပတာဗစ္စျူလပန်းခြံလမ်း၊
(၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၅၃၁၇၈၅၄






ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/4446 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သွေးသည် အသက်

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ၊ ဗဟိုလမ်း၊ အမှတ်(A-၁၄၆)နေ ဆလိုင်းဘစိန်၊ ဒေါ်ကြည်ကြည်ဝမ်းတို့၏သမီး မိုင်နှင်းဝတ်ရည် ၁၃/တကန(နိုင်) ၁၄၀၉၈၄သည် မိဘဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအလျောက် အိမ်ပေါ်က ဆင်းသွားကာ မိသားစုနှင့်လုံးဝအဆက်အသွယ် ဖြတ်တောက်ထားသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဆလိုင်းဘစိန်(DC-၀၁၇၄၃၈)၊
ဒေါ်ကြည်ကြည်ဝမ်း(RGN-၀၀၃၂၂၂)


## (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ စတင်ပေးအပ်လှူဒါန်းကြရာ ဦးဇာလီဝင်းစော-ဒေါ်ခင်နှင်းဖြူ (မင်္ဂလာရတနာ ကျောက်စီပန်းချီဆိုင် - ဗိုလ်ချုပ်ဈေး)က ငွေကျပ် သုံးသိန်း၊ ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် နှစ်သိန်း၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် တစ်သိန်းခွဲ၊ ဆရာတော် ဘဒ္ဒန္တကေလာသ (ပဏ္ဍိတာရာမ စာသင်တိုက်၊ ဒဂုံဆိပ်ကမ်း)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) - မလေးယဉ် မိသားစု၊ ဦးအောင်ကြည် (အောင်ကြည်ညွန့် - တက္ကသိုလ်) -(ဒေါ်ခင်ဖြူဇျင်) မိသားစု၊ ဦးညွန့်လှိုင်(မောင်မောင်ညွန့်လှိုင်)၊ အမေ့သားထိုက်စာပေနှင့်



သက်န်းဆိုင် မိသားစု၊ ဦးဖေသက်ညွန့် (စာရေးဆရာ ဆွေဇင်ညွန့်)၊ စာရေးဆရာ ရဲမင်းစိုးနှင့် ဦးတင်ကိုကို - ဒေါ်အေးအေးမူ (တော်ဝင်မြင်းမိုရ်ကုမ္ပဏီလီမိတက်) တို့က ငွေကျပ် တစ်သိန်းစီ၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ငါးသောင်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး(အပေါ်ပုံ) ကျေးဇူးတင်စကားပြောကြားသည်။

အလှူပစ္စည်းဖြစ်စေ၊ အလှူငွေဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅၊ (၇)လွှာ၊ ပန်းဆိုး တန်းလမ်း(အလယ်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ -၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မန္တလေးမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သျှရီနဝရာတြီပွဲတော်-ဒူရ်ဂါပူဇာပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မြို့နယ်အတွင်း လေးပြင်လေးရပ်ရှိ ဟိန္ဒူဘုရားကျောင်း အသီးသီးတို့တွင် နှစ်စဉ်ကျင်းပ ပြုလုပ်မြဲဖြစ်သော သျှရီနဝရာတြီ ပွဲတော်ဒူရ်ဂါ ပူဇာပွဲတော်ကို ကိုးရက်မြောက်အဖြစ် အောက်တိုဘာ ၄ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဒူရ်ဂါပူဇာ ပွဲတော်လာ ဟိန္ဒူဘာသာဝင်များ၊ ပြည်သူများနှင့် ဧည့်သည်တော်များအား စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်များဖြင့် ကျွေးမွေးလှူဒါန်းကုသိုလ်ပြုကြသည်။

အဆိုပါ သျှရီနဝရာတြီပွဲတော် ကျင်းပသည့် ဘုရားကျောင်းအသီးသီးတို့တွင်လည်း အမျိုးသား အမျိုးသမီးများသည် မိသားစုလိုက် ဟိန္ဒူဓလေ့ထုံးတမ်းစဉ်လာအရ ရိုးရာဝတ်စုံသစ်များဝတ်ဆင်၍ လှူဖွယ်ပစ္စည်းများ တင်လှူပူဇော်ခြင်းတို့ဖြင့် အထူးစည်ကားသည်။

အောက်တိုဘာ ၅ ရက်မွန်းလွဲပိုင်းမှ ညနေပိုင်းအထိ ပူဇော်ပွဲကျင်းပသည့် ဘုရားကျောင်းအသီးသီးတို့၌ ဂေါပကအဖွဲ့တို့ ဦးဆောင်၍ မိသားစုများသည် သျှရီဒူရ်ဂါ ရေမျှောပူဇော်ပွဲကို ကမ်းနားလမ်း ၃၅ လမ်းနှင့် ၃၄ လမ်းကြား ဂင်္ဂါမြစ် ဟိန္ဒူဘုရားကျောင်းရှေ့နေရာသို့ ဓမ္မတေးများသီဆိုရင်း ကားကြီးကားငယ်တို့ ဖြင့်ရောက်ရှိကာ ဧရာဝတီမြစ်အတွင်း မယ်တော်ရေမျှောပွဲကို ရိုးရာဓလေ့နှင့်အညီ ပူဇော်ကြပြီး ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကန်တော့၍ အလှူငွေများ လှူဒါန်းကြသည်။

ပွဲတော်လာပြည်သူများအား နှစ်စဉ်အလှူရှင် မင်္ဂလာစတိုးမိသားစုက ဘုရားကျောင်းခန်းမတွင် စတုဒိသာဒံပေါက်ဖြင့် ကျွေးမွေးဧည့်ခံကြောင်းနှင့် ညပိုင်းတွင် မြို့တွင်းဘုရားကျောင်းများ၌လည်း ညစာဖြင့် ကျွေးမွေးဧည့်ခံကာ သက်ကြီးပူဇော်ပွဲများ ကျင်းပကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ဝိုင်ဘီအက်စ်စီးနင်းသူများအတွက် ဝိုင်ပီအက်စ်ကတ်အရောင်းဆိုင်ငယ်များတိုးချဲ့ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း YPS စီးနင်းသူများနှင့် YPS(Yangon Payment Services)ကတ် အသုံးပြုသူများ လွယ်ကူအဆင်ပြေစေရန် ကားမှတ်တိုင်အချို့အနီးတွင် YPS ကတ်အရောင်းဆိုင်ငယ်များ တိုးချဲ့ဖွင့်လှစ်ကာ ဝန်ဆောင်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ယခင်ကYPS ကတ်တွေကို G&G စတိုးဆိုင်တွေမှာလည်း ဝယ်လို့ရပါတယ်။ အခုခရီးသည်တွေ အလွယ်တကူဝယ်ယူအသုံးပြုနိုင်အောင် YBS ကားမှတ်တိုင်တချို့အနီးမှာ အရောင်းဆိုင်လေးတွေမှာ YPS ကတ်ဝယ်တာ၊ ငွေဖြည့်တာ၊ လက်ကျန်ငွေစစ်ဆေးတာတွေ ဆောင်ရွက်လို့ရပါတယ်။ ကတ်ထဲမှာ ငွေကျပ် ၁၀၀၀ မှ ၅၀၀၀၀ အထိ ဖြည့်သွင်းနိုင်ပါတယ်" ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

YRTC အနေဖြင့် ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းမွန်သော အများပြည်သူ ပို့ဆောင်ရေးစနစ်ကိုတွင်ကျယ်စွာ အသုံးပြုနိုင်စေရန်နှင့် YPS ကတ်များ အလွယ်တကူငွေဖြည့်သွင်းနိုင်စေရန် YPS ကတ် အရောင်းဆိုင်ငယ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ YPS ကတ်စနစ်ကို တွင်ကျယ်စွာအသုံးပြုလာစေရန် YRTC နှင့် Asia Starmar Transport Intelligent.Co.Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် YPS ကတ်စနစ်တပ်ဆင်ထားသော YBS ယာဉ်လိုင်းပေါင်း ၅၅ လိုင်းနှင့် YBS ယာဉ်စီးရေ ၂၂၈၉ စီးခန့်ရှိပြီး ရောင်းချပြီး ကတ်အရေအတွက်မှာ ၁၅၀၀၀၀ ခန့်ရှိကြောင်း လက်ရှိအသုံးပြုနေသောကတ်အရေအတွက်မှာ ၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ ယခုအခါရန်ကုန်မြို့၌ YPS ကတ်အရောင်းဆိုင်ငယ်များ G&G စတိုးဆိုင်များနှင့်YPS Agent ဆိုင်များအပါအဝင် YPS အရောင်းဆိုင်ငယ်များ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနဓဇမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ)၁၆၂၄. ၀၀ | | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/9470, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပလှိုင် ၆/လလန(နိုင်)၁၂၆၇၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၅၆၉, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှ ၆/ထဝန(နိုင်)၁၂၅၀၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/3027 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8554 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၂၂/အောင်မြေမြောက်ရပ်၊ ဦးပိုင်အမှတ် ၂၃-စ၊မြေဧရိယာ ၀.၁၁၃ဧက ၀၃၀ကေရှိ အစိုးရ(မြို့မြေ)ကွက်အား ဒေါ်တင်တင်မြ၊ ဒေါ်ဝင်းမိုမိုတို့မှ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မှုရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဦးဇေယျာလင်းထွန်း ၇/ရတရ(နိုင်)၀၇၃၉၆၇ နှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ မြို့ကြီးလမ်း၊ အိမ်အမှတ် ၁၁၆၀ (ယခု ခေတ္တ-အမေရိကန်နိုင်ငံ)တွင်နေထိုင်သူ နော်ဝါးခူဖော ၇/တငန(နိုင်)၀၉၉၁၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ဦးဇေယျာလင်းထွန်းမှ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံကို Screenshort ရိုက်ကူးပြီး ဦးဇေယျာလင်းထွန်းဓာတ်ပုံနှင့်တွဲဖက်၍ ဇနီးမယားဟုခေါ်ဝေါ်သုံးစွဲကာ Post တင်ခြင်း၊ (Comment ရေးသားခြင်း၊ Tag တွဲတင်ခြင်းများ ပြုလုပ်ဆောင်ရွက်၍ ကျွန်ုပ်မိတ်ဆွေနှင့် မိသားစုအသိုင်းအဝိုင်းတို့ ကိုယ်၊ စိတ်၊ ဂုဏ်သရေ ထိခိုက်နစ်နာစေရန်အကြံဖြင့် ပြုမူဆောင်ရွက် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်များသာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့အတွက် ဦးဇေယျာလင်းထွန်းအနေဖြင့် နော်ဝါးခူဖောနှင့် ၎င်း၏မိသားစု အသိုင်းအဝိုင်းများ ကိုယ်၊ စိတ်၊ ဂုဏ်သရေ ထိခိုက်နစ်နာစေရန်အကြံဖြင့် ပြုမူဆောင်ရွက်လုပ်ဆောင်ထားသည့်လုပ်ရပ်များအား ဤကြေညာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှ ပြန်လည်ဖျက်သိမ်း ဖယ်ရှားပေးပါရန်နှင့် ထိုသို့ပြုမူဆောင်ရွက်ပေးခြင်းမရှိဘဲ နော်ဝါးခူဖောအပါအဝင် ၎င်း၏မိသားစုအသိုင်းအဝိုင်းများ ကိုယ်၊ စိတ်၊ ဂုဏ်သရေထိခိုက်နစ်နာစေရန်အကြံဖြင့် ပြုမူဆောင်ရွက်လာပါကလည်းကောင်း Facebook, Messenger, Viber, Phone, Message များဖြင့်လည်း ထိခိုက်နစ်နာ အရှက်ကွဲစေရန် စာပို့ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်လာမည်ဆိုပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇေယျာလင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **နော်ဝါးခူဖော** | **ဒေါ်သက်သက်အေး** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၄၄)** |
| | **အမှတ်(၁၉/၅၀၁)၊ စတီးလမ်း၊** |
| | **တောင်ငူမြို့။** |

## (၂၄-၉-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ(စာမျက်နှာ-၂၅) တွင် ဖော်ပြပါရှိသည့် ဦးရဲမြင့်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဒေါ်ထက်ထက်ဝင်း (စဉ်-၉၈၃၃) ၏ အများသိစေရန်အသိပေးကြေညာချက်အား ပြန်လည်တုန့်ပြန်ရှင်းလင်းကြေညာခြင်း

Japan 221-0015 Kanagawa-Ken, Yokohoma-Shi,Kanagawa-Ku, Kaminocho,3-28, geniouskoyo, building room 504 ၌ နေထိုင်သူ ဒေါ်ယုယုလင်း(၁၂/လမန(နိုင်)၁၂၆၂၀၅)၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၄-၉.-၂၀၂၂)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ တွင်ဖော်ပြပါရှိသော ဒေါ်ယုယုလင်းနှင့် အများသိစေရန်ကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏အမှုသည် ဖြစ်သူဒေါ်ယုယုလင်းနှင့် ဦးရဲမြင့်ဟန် ၅/မရန(နိုင်)၁၄၉၁၃၃ တို့သည် (၂၀၀၉)ခုနှစ် ဇူလိုင်လ(၂၇)ရက်နေ့တွင် ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံး၊ သံအမတ်ကြီးရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုး၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ယုယုလင်းနှင့်အတူ ဦးရဲမြင့်ဟန် သည်အကြင်လင်မယားအဖြစ် ဂျပန်နိုင်ငံတွင် အတူတကွပေါင်းသင်းနေထိုင်စဉ်ကာလများအတွင်း၌ လူမှုရေးဖောက်ပြန်မှုများကို ဦးရဲမြင့်ဟန်ဘက်မှ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။ ဦးရဲမြင့်ဟန်၏ လူမှုရေးဖောက်ပြန်မှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏အမှုသည် ဒေါ်ယုယုလင်းမှ သက်သေအထောက်အထားများဖြင့် သိရှိထားပြီးဖြစ်သော်လည်း အိမ်ထောင်ရေး ပြိုကွဲမှုမရှိစေရေးအတွက် ဦးရဲမြင့်ဟန်အပေါ်တွင် အကြိမ်ကြိမ်နားလည်ခွင့်လွှတ်၍ (၂၀၂၁) မေလအထိ ဂျပန်နိုင်ငံတွင် အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ၂၀၂၁ မေလတွင် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူကျန်းမာရေးအရ ဂျပန်နိုင်ငံတွင် ဆေးရုံတက်ရောက်ကုသနေစဉ် ဦးရဲမြင့်ဟန်သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် မြန်မာပြည်သို့ ပြန်လာခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ဦးရဲမြင့်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၄-၉-၂၀၂၂) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ(စာမျက်နှာ-၂၅)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ထက်ထက်ဝင်း (စဉ်-၉၈၃၃)မှ ဒေါ်ယုယုလင်းနှင့် အများသိစေရန်ကြေညာချက်ဟူသော သတင်းစာကြေညာထည့်သွင်း၍ ဦးရဲမြင့်ဟန်အနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင်ဆန္ဒထုတ်ဖော်ပြီး၍ နောက်နောင်တွင် ဒေါ်ယုယုလင်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်၏အမှုသည်နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာချက်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင် လင်မယားအဖြစ် ကွာရှင်းပြတ်စဲခြင်းမရှိပါလျက် ဦးရဲမြင့်ဟန်ဘက်မှ တစ်ဖက်သတ်ကြေညာသော ကြေညာချက်သာဖြစ်ပြီး မှန်ကန်မှုမရှိပါ။ ထို့အပြင် ကျွန်ုပ်၏အမှုသည်ဖြစ်သူနှင့် ဦးရဲမြင့်ဟန်တို့သည် ယနေ့ထက်တိုင် တရားဝင်ကွာရှင်းထားခြင်းမရှိသကဲ့သို့ ကျွန်ုပ်၏အမှုသည်ဘက်မှ တရားဝင်ကွာရှင်းရန် ဆန္ဒအလျဉ်းမရှိပါ။ အဆိုပါကြေညာချက်သည် ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်ယုယုလင်း၏ ဂုဏ်သိက္ခာများစွာ ထိခိုက်ကျဆင်းနစ်နာစေသော ကြေညာချက်သာဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ကြေညာပါသည်။

သို့ဖြစ်ပါသဖြင့် လူကြီးမင်းတို့မှ (၂၄-၉-၂၀၂၂) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ (စာမျက်နှာ-၂၅)၌ ထည့်သွင်းကြေညာခဲ့သော အများသိစေရန်ကြေညာချက်ကို ဤသတင်းစာကြေညာပါရှိသည့်ရက်မှ(၁၄)ရက်အတွင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထည့်သွင်း၍ အတိအလင်းပြန်လည်ရုတ်သိမ်းပေးရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလင်းဘုန်းမြတ် (LL.B)(D.IP.L)(D.M.L)** | **ဦးသူရရဲစိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)** | **အထက်တန်းရှေ့နေ( စဉ်-၅၄၇၃၈)** |

**Glory and Growth Legal Solution, အမှတ်(၁၀၀)၊ ဒုတိယထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၉၅၆၆၆၆၃၆၀**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၂၈

| | | |
|---|---|---|
| ဒေါ်လှူရင်စု | **နှင့်** | ၁။ ဒေါ်မြစန္ဒာ |
| (၎င်း၏ ကိုယ်စားလှယ်စာရသူ | | ၂။ ဦးကျော်ရှိန် |
| ဒေါ်နော်အက်စတာဂျွန်) | | ၃။ ဦးစိုးနိုင် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ ကနောင် မင်းသားကြီးလမ်း၊ အမှတ် ၆၃၉နေ (၁) တရားပြိုင် ဒေါ်မြစန္ဒာ၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၄၄နေ (၂) တရားပြိုင် ဦးကျော်ရှိန် နှင့် လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၁၉၁နေ (၃)တရားပြိုင် ဦးစိုးနိုင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်တွင် စိုက်ထုတ်ပေးဆပ်ခဲ့ရသော ချေးငွေနှင့် အတိုးငွေစုစုပေါင်းငွေကျပ် ၄၈၁၄၉၈၈၅၇/တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်းမုန်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုမို့အေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1369, Lwin Kyaw II L/T, Pick Up (4x2)(|R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာ ၁၂/သဃက(နိုင်)၀၂၁၇၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/84454 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်းထွန်း ၁၄/ကကန(နိုင်)၀၀၁၆၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/39726, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၄/မဒပ(နိုင်)၁၅၅၄၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ သန်လျင်မြောက်ကွင်း၊ ဦးပိုင်အမှတ် (၄၀/ခ) ဟုခေါ်တွင်သော ဦးသောင်းဟံအေး အမည်ပေါက် မြေဧရိယာ (၁၁.၇၅) ဧကအနက် တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသော ဧရိယာ (၀.၁၅၅) ဧက ရှိ မြေကွက်အမှတ် (၈၁) နှင့် ၎င်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေများ ဖြစ်သော ဦးဖြိုးဝေစိုး ၁၂/ပဇတ (နိုင်)၀၀၄၈၂၂ နှင့် ဒေါ်သူဇာဝင်း ၁၂/ဒဂန(နိုင်)၀၂၆၄၄၇ တို့က ပြန်လည်ဝယ်ယူရန်အတွက် လက်ရှိထားအကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသော ဦးမြင့်ဇော် ၇/ပခန(နိုင်)၁၉၅၂၄၀ အားစရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B., D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)** |
| **(စဉ်-၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B) (စဉ်-၅၀၈၅၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ ကေတုမာလာ(၃)လမ်း၊ မြေကွက်အမှတ်(၈-က) ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်တွင် ဦးသန့်ဇင် ၁၂/ဥကတ(နိုင်)၀၃၇၃၅၉ အမည်ပေါက် အလျား (၆၀) ပေ x အနံ (၂၀) ပေ၊ ဧရိယာ(၁၂၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချသူ၏ ဖခင် ဦးသန့်ဇင်နှင့် မိခင်ဒေါ်တင်ရီ ကွယ်လွန်ပြီး အမွေဆက်ခံပိုင်ဆိုင်သူ ကိုစွမ်းပြည့်ဖြိုး ၁၂/ဥကတ(နိုင်)၂၁၃၀၆၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဥမ္မာ ၁၃/တကန(နိုင်)၁၇၆၇၆၀မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၁၃၄၉၈(၁၂-၁၀-၂၀၁၇)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်မဲခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် - ၈
### ကွယ်လွန်သူ ဦးတင့်ဆန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ အမှတ်-၇၀၊ J/3၊ ၃-လွှာတွင် နေထိုင်ခဲ့ပြီး တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-၈/၁၀တွင် (၅-၈-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့သူ ဦးတင့်ဆန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးမည့်အကြောင်းနှင့် ဒေါ်ကလျာဦး (အခွင့်ရကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအုန်းငွေ)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ရက်၊ (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးတင့်ဆန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ရက်) (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ကလျာဦး (အခွင့်ရကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအုန်းငွေ)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးနိုင်)**
**ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/01280, ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၁၄/ညတန(နိုင်)၀၉၁၄၉၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4403 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/4385 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ရန်အောင်ရပ်(မီးလောင်မြေ)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ (၀ဒသမ၀၆၇)ဧကရှိ ဦးကေတုအမည်ပေါက် မြို့မြေကွက်အား ဒေါ်နီနီမာ(ဘ)ဦးမြင့်လွင် ၉/လဝန(နိုင်)၁၅၅၉၀၃ မှ မြေကွက်အရောင်း အဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မှုရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း ၃၊ မြေကွက်အမှတ် (၁၅၄၉)၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဦးမောင်မောင်ချစ် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၇/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဖြိုး ၁၂/တကန(နိုင်)၁၇၆၇၅၃ မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးသက်မျိုးဦး ၁၃/လရန(နိုင်)၀၀၀၁၁၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ပြည် ထောင်စုလမ်းမ၊ မြေကွက်အမှတ် (ပ/၁၀) ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်တွင် ဒေါ်သန်းသန်းအေး ၉/မသန(နိုင်)၀၀၃၆၇၉ ကိုင်ဆောင်သူ အမည်ပေါက်ပြီး အလျား(၆၀)ပေ x အနံ(၄၀)ပေ၊ ဧရိယာ(၂၄၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအားနှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းကျော်အောင် ၁၂/မရက(နိုင်)၁၁၇၆၀၂ မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထား များနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမင်းကျော်အောင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၁၃၄၉၈(၁၂-၁၀-၂၀၁၇)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

### အမည်ပြောင်း

မြောက်ဥက္ကလာပမြို့နယ်နေ ဦးစိုးသိန်း ၁၄/ မအပ(နိုင်) ၁၄၀၇၁၂ ၏ သမီး မသရဖီမြင့်မြတ်အား မသုထက်ထက်စံဟု ပြောင်းလဲခေါ်ပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းမြ ၁၃/မမန(နိုင်) ၀၁၃၉၁၉၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၉၀၈၉၁၆

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခွန်ဆန်းဝင်း၏သမီး တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (ည/၂၅၀)နေ မဆွေဆွေနိုင်(ခ)နန်းဆွေဆွေနိုင် ၁၃/တကန(နိုင်)၃၁၉၇၁၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ယင်းမာလမ်း၊ အိမ်အမှတ် (ည/၇၉)နေ နန်းစိန်မေ၏ ဖခင် ဦးဝင်းနိုင်(ခ)ခွန်ဝင်းနိုင် ၁၃/တကန(နိုင်) ၀၀၈၆၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရွှေညောင်မြို့၊ အမှတ် (၅)၊ မူလွန်ဒုတိယတန်းမှ မဇင်ဝင့်ကျော်အား ယနေ့မှစ၍ မဝင့်ရွှေရည်ဟု ပြောင်းလဲခေါ်ပါရန်။

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ နယ်မြေ (၁၀)၊ အိမ်အမှတ် (၁၇၈)နေ ဒေါ်နှင်းရွှေ၏ သမီးဖြစ်သူ မအေးအေးမြင့်(ခ) ပူတူး ၁၃/တကန(နိုင်)၂၃၉၄၀၃ သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်-ဒေါ်နှင်းရွှေ**

### သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာနေ ဦးချစ်သန်း-ဒေါ်ဆုဘီတို့၏ သမီး၊ မသီတာမြင့် ၁၀/သထန(နိုင်) ၂၁၀၆၈၅ ကိုင်ဆောင်သူသည် မိဘနှစ်ပါးအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူနေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်သန်း-ဒေါ်ဆုဘီ**

### ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ ကွင်း/ အကွက်အမှတ်(၁၀/ ပိတ်စွယ်မြောက်)၊ မြေ ကွက်အမှတ် ၁၅/၅၇ ၊ ဦးပိုင်အမှတ် (N-၄)၊ မြေဧရိယာ ၀ဒသမ ၀၈၀ ဧကရှိ မြေကွက်အား ဦးလောဖု ၊ ဒေါ်အေးမွန် တို့မှ ဂရန်သစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေယာဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်**
**အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူရက်တိုးမြှင့်သတ်မှတ်ခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်တွင် ဆေးနှင့်ဆေးပစ္စည်း၊ စက်ပစ္စည်း၊ ပုံနှိပ်ပစ္စည်းများကို အောက်ပါအတိုင်း သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခဲ့ပါသည်-

(က) ရန်ကုန်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း၊

(ခ) နေပြည်တော်ဆေးသိုလှောင်ရုံများမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ပေးခြင်း။

၂။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါတင်သွင်းလွှာပုံစံများအား လူကိုယ်တိုင် လာရောက်ဝယ်ယူ၍ သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများကို တင်သွင်းရက်အား ၆-၁၀-၂၀၂၂ ရက်နေ့အစား ၁၃-၁၀-၂၀၂၂ရက် မွန်းတည့် ၁၂နာရီအထိ ရက်တိုးမြှင့်သတ်မှတ်လိုက်သည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၂၁/က)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဦးမြင့်သိန်းထွန်း (B/RGN-၀၂၄၇၀၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးမြင့်သိန်းထွန်း ကွယ်လွန်၍ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၅၄၈/၂၀၂၂)အရ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော ဒေါ်တင်တင်ဆွေ (၇/ပတန (နိုင်) ၀၁၀၀၃၆)နှင့် ဒေါ်ဝင်နီထွန်း (၁၂/ဥကတ (နိုင်) ၀၀၈၂၄၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/12301 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခန့်ကို ၉/မတရ(နိုင်)၁၇၉၁၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/56980 Thai Anb0 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံဌေး ၈/ပခက(နိုင်)၀၀၃၃၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁/ခ)နှင့် (၅၁၉/က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်(အနောက်) ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇)၊ အထူးဇုန်(၂)၊ မြေကွက်အမှတ်(၁၃၆)၊ အကျယ်အဝန်း(၅)ဧက (၁)ယူနစ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်မျိုးထွန်း (၁၂/မရက (နိုင်) ၀၀၀၂၇၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ပဲခူးခရိုင်တရားမရုံး၌
## ၂၀၂၀ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်-၁၀

၁။ ကိုမျိုးမင်းလတ် နှင့် ဒေါ်နုရင်
၂။ မငြိမ်းငြိမ်းအေး

**လျှောက်ထားသူများ** **လျှောက်ထားခံရသူ**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ မြို့ရှောင်လမ်း၊ အမှတ်(၁၉-A)နေ ဒေါ်နုရင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ကိုမျိုးမင်းလတ်ပါ နှစ်ဦးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## ပုံစံ(၇)ပျောက်ဆုံးကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၃-ခ)၊ အဝိုင်းရွာမကွင်း၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ ၅ ဒသမ ၂၆ဧကအနက်မှ တစ်စိတ်တစ်ဒေသကို အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် ပုံစံ(၇)ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ပုံစံ(၇)ကို လက်ဝယ်ထားရှိသူများအနေဖြင့် ယနေ့မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင်သော်လည်းကောင်း၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံတွင်သော်လည်းကောင်း လာရောက်ဆက်သွယ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းရီ ၇/ပခန(နိုင်)၀၆၀၅၉၇**
**ဖုန်း-၀၉-၂၅၀၈၀၅၈၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်-၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ သော်က-၁၈လမ်း၊ ဦးပိုင်/မြေကွက်အမှတ်(ဥ-၄၀၅၄)၊ အကျယ်အဝန်း(၁၂၀ပေ× ၁၂၀ပေ) ဧရိယာ(၀.၃၃၀)ဧကရှိ ဦးသိန်းအောင်(၆/မအရ(နိုင်)၀၀၃၁၂၈) အမည်ပေါက်နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်သူဟိန်း (၉/တကတ(နိုင်)၀၀၁၁၃၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆ |

## ဦးဟံဝင်းအောင်(ဘ)ဦးမောင်တင် ၉/နထက(နိုင်)၁၀၂၄၅၆ နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ စံပယ်လမ်း သွယ်(၂)၊ အမှတ်(၃-၇၀)နေ ဒေါ်ချိန်ကြီးကျင်း (ဘ) ဦးချိန်သိန်းဟိုက် (MMO-330585) ကိုယ်တိုင်နှင့် ဦးချိန်သိန်းဟိုက်၊ ဒေါ်ရန်ရွှေကျိန်း၊ ဦးရှိယူလုံ တို့၏အထွေထွေကိုယ်စား လှယ်စာရသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဟံဝင်းအောင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်း အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၆၁/၁-က)၊ မြေဧရိယာ(၁.၀၀)ဧက၊ ဦးပိုင်အမှတ်(၆၁/၁-ခ)၊ မြေဧရိယာ(၀.၇၅)ဧက၊ ဦးပိုင်အမှတ်(၆၁/၁-ဃ)၊ မြေဧရိယာ(၁.၀၀)ဧက၊ ဦးပိုင်အမှတ် (၆၁/၂-က)၊ မြေဧရိယာ(၁.၀၂)ဧက၊ ဦးပိုင်အမှတ်(၆၁/၂-ခ)၊ မြေဧရိယာ(၁.၀၂)ဧက စုစု ပေါင်း မြေဧရိယာ(၄.၇၉)ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်(၃)၊ အိမ်အမှတ်(င-၁၀၂၊၁၀၃)နေ ဦးဟံဝင်းအောင်(ဘ)ဦးမောင်တင် ၉/နထက(နိုင်) ၁၀၁၂၄၅၆က ဦးရှိယူလုံ၊ ဦးချိန်သိန်းဟိုက်၊ ဒေါ်ရန်ရွှေကျိန်း၊ ဒေါ်ချိန်ကြီးကျင်း တို့ထံမှ ဝယ်ယူလိုကြောင်း ကမ်းလှမ်းခဲ့ရာ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီခဲ့ကြပြီး (၄-၇-၂၀၂၁)ရက်တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ချုပ်ဆိုကာ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ကျန်ငွေအား (၄-၇-၂၀၂၂)ရက်တွင် အပြီးပေးချေမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်ခဲ့ပါက စရန်ငွေများကို အဆုံးရှုံးခံမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ သို့ရာတွင် ဦးဟံဝင်းအောင်သည် (၄-၇-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူ မြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာခြင်းမရှိဘဲ ကျန်ငွေအား အပြီးသတ်ပေးချေရန် သတ်မှတ်ထားသည့် (၄-၇-၂၀၂၂)ရက်တွင် အကျေအလည်ပေးချေရန် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် စရန်ပေးစာချုပ်ပါ စည်းကမ်းချက်များအရ ဦးဟံဝင်းအောင် ပေးထားသည့် စရန်ငွေမှာ ဆုံးရှုံးသွားပြီဖြစ်ကြောင်းနှင့် ဦးဟံဝင်းအောင်နှင့်ပြုလုပ်ထားသည့် မည်သည့်ပဋိညာဉ်စာချုပ်မဆို ပျက်ပြယ်သွားပြီးဖြစ်ကြောင်း ဦးဟံဝင်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ချိန်ကြီးကျင်း(MMO-330585)** | **ဦးဝင်းဇော်(LL.B)** |
| **ကိုယ်တိုင် နှင့် ဦးချိန်သိန်းဟိုက်၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၉၂)** |
| **ဒေါ်ရန်ရွှေကျိန်း ၊ဦးရှိယူလုံ** | **အမှတ်(ရ/၆၈)၊ ကျောက်စိမ်းလမ်း၊** |
| **တို့၏အထွေထွေကိုယ်စားလှယ်စာရသူ** | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့** |

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၅)ရပ်ကွက်၊ အုတ်ဖိုကျေးရွာအုပ်စု၊ အမှတ်(၁၀/၃၈)တွင်နေထိုင်သော ဦးမြင့်ရွှေ ၁၂/ရပသ(နိုင်)၀၁၆၈၆၆ အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်လည်း စာချုပ်အမှတ်-၄/၄၁၄၉/၂၀၂၂ အနေဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-

(မှတ်ပုံတင်အမှတ်-၄/၄၁၄၉/၂၀၂၂)

